မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၂ ] ရန်ကုန်မြို့ { ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက် (၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက်) } သောကြာနေ့ [ အတွဲ ၇၉

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၆)**
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

**လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းအစီအစဉ်များနှင့် တိုးချဲ့ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသမီးရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဍ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဎ) ဒုတိယစာရင်းစစ်ချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဏ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(တ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေးဆွဲခဲ့ပြီးသော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာမဟာဗျူဟာစီမံချက်အား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံအတွင်း လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအား လေ့လာဆန်းစစ်ခြင်း (Assessment) နှင့် ဌာနအသီးသီးတို့မှ ပူးပေါင်းအကောင်အထည်ဖော်နိုင်မည့်နည်းလမ်းများအား ချမှတ်ဆောင်ရွက်ရန်၊

(ခ) ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနှင့်ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ လိုအပ်သောနည်းပညာနှင့် အရင်းအမြစ်များအား ရှာဖွေစုဆောင်းရန်၊

(ဂ) တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့်ညှိနှိုင်း၍ ဒေသအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များအား ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် လိုအပ်ချက်များအား ပြင်ဆင်ညှိနှိုင်းဆောင်ရွက်ရန်၊

(င) အန္တရာယ်ကျရောက်နိုင်သောအခြေအနေတွင်ရှိသည့် ကလေးသူငယ်များ၊ လူငယ်များနှင့် သက်ကြီးရွယ်အိုများစသည်ဖြင့် အသက်အရွယ်အပိုင်းအခြားအလိုက် လိုအပ်ချက်များအပေါ် အခြေခံသော လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(စ) အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ ဆင်းရဲနွမ်းပါးသူများနှင့် အခြားအန္တရာယ်ကျရောက်နိုင်သော အခြေအနေတွင်ရှိသူများအပါအဝင် အလွှာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၏ လိုအပ်ချက်များအပေါ် အခြေခံသော စောင့်ရှောက်မှု၊ ပံ့ပိုးမှုစနစ်တစ်ရပ် ခိုင်ခိုင်မာမာ ပေါ်ပေါက်စေရေးဆောင်ရွက်ရန်၊

(ဆ) နိုင်ငံသားအားလုံး၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ ဝင်ငွေ အာမခံချက်နှင့် အလုပ်အကိုင်အာမခံချက်ရရှိရေး ဦးတည်ဆောင်ရွက်ရန်၊

(ဇ) အလုံးစုံလွှမ်းခြုံနိုင်သောကျန်းမာရေးအာမခံစနစ်၊ စိုက်ပျိုးရေးအာမခံစနစ်အပါအဝင် အာမခံစနစ်များ ထူထောင်ခြင်းဖြင့် အလုပ်သမား၊ လယ်သမားတို့၏ အခွင့်အရေးများကို မြှင့်တင်ရန်၊

(ဈ) ဘေးအန္တရာယ်တစ်ခုခုကြောင့်ဖြစ်ပေါ်လာသော ထိခိုက်ခံစားရသူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန်၊

(ည) လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စောင့်ကြည့် ကြီးကြပ်ခြင်း (Monitoring) နှင့် အကဲဖြတ်သုံးသပ်ခြင်း (Evaluation) များ ဆောင်ရွက်ရန်၊

(ဋ) အမျိုးသားကော်မတီသည် လိုအပ်ပါက လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်း၍ အသေးစိတ် လုပ်ငန်းများဆောင်ရွက်မှုကို လမ်းညွှန်ရန်။

၃။ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန်လိုအပ်ပါက နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

## ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ကျေးလက်နေပြည်သူများအပါအဝင် အစွန်အဖျားကျသည့် ပြည်နယ်များတွင် နေထိုင်သော တိုင်းရင်းသား များ၏ စာတတ်မြောက်မှုနှုန်းနှင့် အတန်းပညာတတ်မြောက်မှုနှုန်း မြင့်မားစေရေး အကောင်အထည် ဖော်နိုင်ရေးအတွက် **ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

(က) **ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး အကောင် အထည်ဖော်ဆောင်ရွက်ရေး ဦးစီးကော်မတီ**

(၁) ဒုတိယသမ္မတ (၂) ဥက္ကဋ္ဌ

(၂) ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အဖွဲ့ဝင်

| | | |
|---|---|---|
| (၃) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသမီးရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>အားကစားရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (၉) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၁၀) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၇) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၈) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၉) | ဒုတိယဝန်ကြီး<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(၂၀) ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
ပညာရေးဝန်ကြီးဌာန

(ခ) ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူဝါဒချမှတ်ပေးခြင်း၊

(၂) စာတတ်မြောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် နည်းပြ၊ သင်ထောက်ကူနှင့် ဘဏ္ဍာငွေရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(၃) စာတတ်မြောက်ရေးလုပ်ငန်း၏အကျိုးသက်ရောက်မှုကို နိုင်ငံတော်သမ္မတရုံးသို့ အစီရင်ခံခြင်း။

(ဂ) **ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ**

(၁) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ပညာရေးဝန်ကြီးဌာန

(၂) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပို့ဆောင်ရေးဝန်ကြီးဌာန

(၃) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(၄) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(၅) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(၆) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(၇) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(၈) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
အမျိုးသမီးရေးရာဝန်ကြီးဌာန

(၉) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(၁၀) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သာသနာရေးဝန်ကြီးဌာန

(၁၁) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(၁၂) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၃) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
အားကစားရေးရာဝန်ကြီးဌာန

(၁၄) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူငယ်ရေးရာဝန်ကြီးဌာန

(၁၅) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၁၆) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၇) လူမှုရေးရာဝန်ကြီး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(၁၈) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
ပညာရေးဝန်ကြီးဌာန

(ဃ) ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ဦးစီးကော်မတီမှချမှတ်သော မူဝါဒနှင့် လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၂) စာတတ်မြောက်ရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လိုအပ်သည့် နည်းပြများအတွက် သင်တန်းပေးခြင်း၊

(၃) စာတတ်မြောက်ရေးဆောင်ရွက်ရာတွင် အသုံးပြုမည့် ပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာများ ထောက်ပံ့နိုင်ရန် ဆောင်ရွက်ခြင်း၊

(၄) စာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်မည့်ဒေသများတွင် အုပ်ချုပ်ထောက်ပံ့မှုကိစ္စများအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(၅) ငွေကြေးသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ သုံးစွဲရန်ကြပ်မတ်ခြင်း၊

(၆) လုံခြုံရေးနှင့် အခြားမမျှော်မှန်းနိုင်သည့်ကိစ္စရပ်များအတွက် အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ခြင်း၊

(၇) စာတတ်မြောက်ရေး လုပ်ငန်းတိုးတက်မှုကို ဦးစီးကော်မတီသို့ အစီရင်ခံခြင်း။

၂။ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့သည် လိုအပ်သော ဆပ်ကော်မတီများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများအား ဖွဲ့စည်းသွားရန်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

## မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၁။ လူငယ်များကို မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် လူငယ်ရေးရာမူဝါဒအား အကောင်အထည်ဖော် ဆောင်ရွက်ရန် **မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>လူငယ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသမီးရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>အားကစားရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဎ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
အမျိုးသမီးရေးရာဝန်ကြီးဌာန

(ဏ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(တ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ထ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဒ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဓ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန

(န) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ပ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဖ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်

(ဗ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံကင်းထောက်အမျိုးသားအဖွဲ့

(ဘ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့

(မ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ယ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
လူငယ်ရေးရာဝန်ကြီးဌာန

၂။ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) လူငယ်ရေးရာမူဝါဒနှင့် အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင်ပါရှိသည့် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီက တာဝန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လူငယ်ရေးရာကော်မတီများနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်း/ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား လူငယ်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဂ) နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီမှ ပေးပို့သော ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကို တာဝန်ခံမှုဖြင့် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီတွင် ဆွေးနွေးတင်ပြရမည်။

၃။ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန်လိုအပ်ပါက နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

**အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃–၂၀၃၂) ဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃ – ၂၀၃၂) ပါ လုပ်ငန်းနယ်ပယ် (၁၂) ရပ်အား သက်ဆိုင်ရာ ဦးစားပေးကဏ္ဍအလိုက် ထိထိရောက်ရောက်အကောင်အထည်ဖော်ရာတွင် လုပ်ငန်းကော်မတီများကို ကြီးကြပ်လမ်းညွှန်မှုပြုနိုင်ရန် အတွက် **အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃ – ၂၀၃၂) ဦးဆောင်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသမီးရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဇ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယဝန်ကြီး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေး<br>လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ဒုတိယဝန်ကြီး<br>အားကစားရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ဒုတိယဝန်ကြီး<br>လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဗ) | အဖွဲ့ဝင်<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| (ဘ) | အမြဲတမ်းအတွင်းဝန်<br>အမျိုးသမီးရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

( မ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(ယ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

( ရ ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း

(လ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း

( ဝ ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း

(သ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်

(ဟ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
အမျိုးသမီးရေးရာဝန်ကြီးဌာန

( ဠ ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံမှအတည်ပြုလက်မှတ်ရေးထိုးထားသည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်စေရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ဘေဂျင်းကြေညာစာတမ်းနှင့် ဘေဂျင်းလုပ်ငန်းစီမံချက်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များအားအခြေခံ၍ မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ နယ်ပယ်အလိုက် လုပ်ငန်းကော်မတီများကို လိုအပ်သော လမ်းညွှန်ချက်များ ချမှတ်ပေးရမည်။

( ခ ) မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ လုပ်ငန်းကော်မတီများအားလုံး တစ်ပြေးညီဖြစ်စေရေးအတွက် မူဘောင်ချမှတ်ပေးရမည်။

( ဂ ) မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ရာတွင် မိမိတို့သက်ဆိုင်ရာဌာနများ၏ မူဝါဒများ၊ စီမံကိန်းများနှင့်ချိတ်ဆက်၍ ကျား၊ မ ရေးရာအား ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရေးသေချာစေရန် ဆောင်ရွက်ပေးရမည်။

(ဃ) သက်ဆိုင်ရာကဏ္ဍအလိုက် အမျိုးသမီးများ၏ အခွင့်အရေးများနှင့် ကျား၊ မ ဆိုင်ရာကိစ္စရပ်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည်။

( င ) သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် လုပ်ငန်းများအချိန်မီပြီးမြောက်ရေး Timeline သတ်မှတ်ပေးရမည်။

( စ ) လုပ်ငန်းကော်မတီများမှ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ခြင်း၊ စိစစ်အတည်ပြုပေးခြင်း ဆောင်ရွက်ရမည်။

၃။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ဦးဆောင်ကော်မတီသည် လုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ (၁၂) ရပ်မှ (၂) နှစ် (၁) ကြိမ် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းအကောင်အထည်ဖော်မှု အစီရင်ခံစာများ၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းအစီရင်ခံစာများအပေါ် ကြီးကြပ်လမ်းညွှန်ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

၄။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန်လိုအပ်ပါက နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာ ညွန့်စိုး ကို ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

### တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံ၏တရားမဝင်ကုန်သွယ်မှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ တရားမဝင်ကုန်သွယ်မှု အခြေအနေညွှန်းကိန်းမြင့်တက်လာမှုနှင့်စပ်လျဉ်း၍ နိုင်ငံအဆင့်၌ ဌာနအချင်းချင်းအကြား ပူးပေါင်းမှုမြှင့်တင်ရန်အတွက် **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယသမ္မတ (၁) — ဥက္ကဋ္ဌ
(ခ) ပြည်ထောင်စုဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဆ) | ဝန်ကြီး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| (ဇ) | ဥက္ကဋ္ဌ<br>အခွန်အယူခံခုံအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဒ ) | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဓ ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( န ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ပ ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဖ ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဗ ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( မ ) | ဒုတိယရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ယ) | တပ်ဖွဲ့မှူး<br>ရေကြောင်းရဲတပ်ဖွဲ့<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ( ရ ) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (လ) | ဦးဝင်းမြင့်ခိုင်<br>ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် အမျိုးသားအဆင့်မဟာဗျူဟာနှင့် မူဝါဒများချမှတ် လမ်းညွှန်ခြင်း၊

(ခ) တိုင်းဒေသကြီး / ပြည်နယ်များတွင် ဒေသနှင့်သင့်လျော်သောနည်းဗျူဟာများ ချမှတ်စေ၍ ဟန်ချက် ညီစွာချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းညွှန်ပေးခြင်း၊

(ဂ) Free Trade Zones (FTZs) များနှင့် အထူးစီးပွားရေးဇုန်များကိုအသုံးချ၍ တရားမဝင်ကုန်သွယ်မှုများ မပြုလုပ်နိုင်ရန် ထိရောက်သည့်နည်းလမ်းများ ချမှတ်ကာကွယ်ခြင်း၊

(ဃ) ပြည်တွင်းထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ကာကွယ်ရန်နှင့် လုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်း စေရန်အတွက် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်ခြင်းနှင့် လိုအပ်ပါက ပေါ်ပေါက်လာသော အခြေအနေတစ်ရပ်ချင်းစီအပေါ်တွင် အခြေခံပြီး ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်တစ်ခုချင်းစီအတွက် (Case by Case) အနေဖြင့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ၊ အထူးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(င) ကုန်သွယ်မှုလုပ်ငန်းများအတွက် ပေးဆောင်ရမည့် အခွန်အမျိုးအစားများကို ပိုမိုရှင်းလင်းလွယ်ကူစွာသိရှိ နိုင်ရန်၊ အခွန်ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများကို ပိုမိုရှင်းလင်းအောင်ပြုပြင်ခြင်းနှင့် လုပ်ငန်းရှင်များအား အကောက်ခွန်လုပ်ထုံးလုပ်နည်းများအပါအဝင် အခွန်ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) တရားမဝင်ကုန်သွယ်မှုကိုအခြေခံသော အကျင့်ပျက်မှုများဖြစ်စေသည့် **အခွင့်အလမ်းများ** ကို ထိရောက်စွာတားမြစ်နိုင်ရန် ကုန်သွယ်မှုနှင့် သက်ဆိုင်သည့်ဌာနများ၏ လုပ်ထုံးလုပ်နည်းများ၊ စာရွက်စာတမ်းများဖြေလျှော့ခြင်း၊ e–Government စနစ်ကျင့်သုံးစေခြင်း၊

(ဆ) တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် လိုအပ်ပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်နိုင်ရေးဆောင်ရွက်ခြင်း၊ ဥပဒေသစ်များရေးဆွဲခြင်း၊

(ဇ) တရားမဝင်ကုန်စည်များ၏အန္တရာယ်နှင့် တရားမဝင်ကုန်သွယ်မှု၏ နိုင်ငံအပေါ်ထိခိုက်မှုများကို အများပြည်သူသိရှိနားလည်အောင် အသိပညာပေးခြင်း၊

(ဈ) အခြားနိုင်ငံများနှင့်အတူ ပူးတွဲစုံစမ်းရေးအဖွဲ့များ (Joint Investigation Teams–JITs) ထူထောင်ရေးနှင့် သက်ဆိုင်သော အစိုးရအဖွဲ့ အဓိကအစည်းအဝေးများအကြား မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) ပြည်ပပို့ကုန်/သွင်းကုန်ဝင်ပေါက်/ ထွက်ပေါက်များတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ် မှန်ကန်ရေး၊ လွယ်ကူချောမွေ့လျင်မြန်ရေး ကြိုးကြပ်ဆောင်ရွက်ခြင်း၊

(ဋ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဈေးကွက်တွင် မျှတစွာယှဉ်ပြိုင်ရပ်တည် နိုင်ရန်နှင့် စားသုံးသူများအကာအကွယ်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖွဲ့စည်း ထားသည့် တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်စေခြင်း၊

(ဌ) တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်မှုတွင် ဆုပေး၊ ဒဏ်ပေးစနစ်ကို ထိရောက်စွာကျင့်သုံးခြင်း၊

(ဍ) တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ မဟာဗျူဟာနှင့် လမ်းညွှန်ချက်များအပေါ် လုပ်ငန်းစီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်း၊ လေ့လာစောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်းများကို ဆောင်ရွက်နိုင်ရန် အမြဲတမ်းရုံးအဖွဲ့တစ်ရပ် ဖွဲ့စည်းထားရှိ ဆောင်ရွက်ခြင်း၊ ယင်းရုံးအဖွဲ့တွင် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ အချိန်ပြည့် ပူးပေါင်းပါဝင် ဆောင်ရွက်စေခြင်း။

၃။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအား ယင်းကော်မတီ၏ တာဝန်ခံဝန်ကြီးဌာန (Focal Ministry) အဖြစ် သတ်မှတ်တာဝန်ပေးအပ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

**ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့် အထိမ်းအမှတ်မဟာမင်္ဂလာအခမ်းအနားကျင်းပရေး ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ နာယကအဖွဲ့နှင့် ဦးစီးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့ (၃၀-၄-၂၀၂၆) မှ ကဆုန်လပြည့်ကျော် ၂ ရက် (၂-၅-၂၀၂၆) ထိ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကျင်းပရေး ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ နာယကအဖွဲ့နှင့် ဦးစီးကော်မတီ** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) **ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့**

(၁) ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

(၂) ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
မဟာဓမ္မကထိကဗဟုဇနဟိတဓရ
အကျိုးတော်ဆောင်ဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

(၃) ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ (ဟသ်ာတမိုးကောင်းဆရာတော်ကြီး)
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
နိုင်ငံတော်ဩဝါဒါစရိယ
ဥက္ကဋ္ဌဆရာတော်
တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲဩဝါဒါစရိယအဖွဲ့

(၄) ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ (သီတဂူဆရာတော်ကြီး)
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
နိုင်ငံတော်ဩဝါဒါစရိယ
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ
သောဌသမဏ္ဍကျောင်းသာသနာပိုင်ဆရာတော်

(၅) ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (တိပိဋကယောဆရာတော်ကြီး)
အဘိဓဇမဟာရဋ္ဌဂုရု၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက
မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ရွှေကျင်ကျောင်းတိုက်
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၆) ဘဒ္ဒန္တကေသရာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဒုတိယဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

(၇) ဘဒ္ဒန္တသုစိတ္တ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဒုတိယဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

(၈) ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (တိပိဋကရေစကြိုဆရာတော်)
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

( ခ ) **နာယကအဖွဲ့**

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |

( ဂ ) **ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကျင်းပရေး ဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |

(၃) တိုင်းမှူး အဖွဲ့ဝင်
ရန်ကုန်တိုင်းစစ်ဌာနချုပ်

(၄) ဦးအောင်မြိုင် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပို့ဆောင်ရေးဝန်ကြီးဌာန

(၅) ဦးသက်ဝင်းအောင် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၆) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(၇) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(၈) ဦးနိုင်မင်းကျော် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန

(၉) ဦးကျော်ထင် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၁၀) ဒေါ်သန်းသန်းလင်း အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(၁၁) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(၁၂) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(၁၃) ဦးအေးကျော် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(၁၄) ဦးကျော်နိုင်ဝင်း အဖွဲ့ဝင်
ဒုတိယဝန်ကြီး
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(၁၅) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၆) ဦးအေးထွန်း အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

| | | |
|---|---|---|
| (၁၇) | ဦးဖြိုးဇော်စိုး<br>ဒုတိယဝန်ကြီး<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၈) | ဒုတိယစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (၁၉) | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၂၀) | ပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့် သာသနာရေးဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၂၁) | မြို့တော်ဝန်<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၂၂) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၃) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုရေးနှင့် ယဉ်ကျေးမှုဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (၂၄) | ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ဦးစီးကော်မတီသည် လုပ်ငန်းများစနစ်တကျ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းသွားရန်ဖြစ်ပါသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

## ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ ဖွဲ့စည်းခြင်း

၁။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက် (မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့) တွင် လှူဖွယ်ပစ္စည်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကျင်းပခြင်း၊ စာတမ်းဖတ်ပွဲကျင်းပခြင်း၊ ကဆုန်ညောင်ရေသွန်းလောင်းပွဲကျင်းပခြင်း၊ ဆီမီးတိုင်များကိုင်ဆောင်၍ လှည့်လည်ပူဇော်ခြင်းနှင့် ဓမ္မသဘင်ဆင်ယင်ကျင်းပခြင်းတို့ကို မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းနှင့် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းတို့၌ အောင်မြင်စွာကျင်းပ

နိုင်ငံရေးအတွက် **ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

(က) **နာယကအဖွဲ့**

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၁၀) | တိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |

(ခ) **ဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးနေမျိုးလှိုင်<br>ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးအေးထွန်း<br>ဒုတိယဝန်ကြီး<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၆) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | အမြဲတမ်းအတွင်းဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၄) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၇) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၈) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၉) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၂၀) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၁) | ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၂) | ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၃) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၄) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၅) | ကွပ်ကဲရေးမှူး<br>အမှတ်(၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၂၆) | အတွင်းရေးမှူး<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၂၇) | ဦးသန့်ဆွေ<br>မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ | အဖွဲ့ဝင် |
| (၂၈) | ဦးထွန်းကြည်<br>ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ | အဖွဲ့ဝင် |
| (၂၉) | ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၃၀) | ကောင်စီဝင် (၅)<br>နေပြည်တော်ကောင်စီ | တွဲဖက်အတွင်းရေးမှူး |

၂။ ဦးစီးကော်မတီသည် လုပ်ငန်းများစနစ်တကျ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းသွားရန်ဖြစ်ပါသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်)

**လွှတ်တော်ပုံမှန်အစည်းအဝေးများ ကျင်းပပြုလုပ်ရန် လျာထားချက်ထုတ်ပြန်ခြင်း**

၁။ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ကာလအတွင်း တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ပုံမှန်အစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပပြုလုပ်ရန် လျာထားပါသည်-

(က) **ဒုတိယပုံမှန်။** ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ၊

(ခ) **တတိယပုံမှန်။** ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်မှ နိုဝင်ဘာလ ၂၇ ရက်အထိ။

၂။ လျာထားကာလအတွင်း လွှတ်တော်အလိုက် အစည်းအဝေးကျင်းပပြုလုပ်မည့် နေ့ရက်များကို လွှတ်တော်ရုံးအချင်းချင်းညှိနှိုင်း၍ သတ်မှတ်ဆောင်ရွက်မည်။

၃။ အထက်အပိုဒ် ၁ ပါ သတ်မှတ်ကာလများသည် လျာထားချက်ဖြစ်သည့် အားလျော်စွာ လွှတ်တော်အသီးသီး၏ လွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်အပေါ်မူတည်၍ ပြောင်းလဲမှုရှိနိုင်ကြောင်း ထုတ်ပြန်လိုက်သည်။

(ပုံ) အောင်လင်းဒွေး

နာယက

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**ကြေညာချက်အမှတ် (၃/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၊ နည်းဥပဒေခွဲ (ခ) တို့အရ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၄ ရက်) ကြာသပတေးနေ့၊ နံနက် ၁၀:၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) အောင်လင်းဒွေး

နာယက

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**ကြေညာချက်အမှတ် (၂/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်) အင်္ဂါနေ့၊ နံနက် ၁၀:၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) ခင်ရီ

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

**နိုင်ငံတကာဆက်ဆံရေးကော်မတီ ဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ နိုင်ငံတကာဆက်ဆံရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးချစ်ဆွေ | ဧရာဝတီတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | ဥက္ကဋ္ဌ |
| (ခ) | ဦးရခွီဖုန် (Rakwi Pung) | ကချင်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဂ) | ဦးဝင်းတင့် | စစ်ကိုင်းတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဃ) | ဦးအောင်သိန်းဝင်း | ကရင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ( င ) | ဦးဇော်လတ်မိုး | မကွေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ( စ ) | ဦးသန်းထွန်း | ရခိုင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| (ဆ) | နန်းဝိုးစိန် | ရှမ်းပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ( ဇ ) | နော်ယုဇနဝါ | ကရင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာ ခိုင်ခိုင်ဆု | ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (ည) | ဦးကြည်လင်းထက် | ရန်ကုန်တိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ( ဋ ) | ဗိုလ်မှူးချုပ် သန်းထွန်းအောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဌ ) | ဗိုလ်မှူး ဇဝန | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဍ ) | ဗိုလ်မှူး တင့်လွင်အေး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဎ ) | ဗိုလ်ကြီး ဒေါ်စုမြတ်ဝေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးအောင်မင်းနိုင် | ချင်းပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီအမည်ပြင်ဆင်ခြင်းနှင့် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်ခြင်းတို့ဆောင်ရွက်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

**ကော်မတီ၏ တာဝန်များ**

၅။ ကော်မတီ၏ တာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒများဖြစ်သည့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုရေး၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းရေးတို့ကို ထိန်းညှိကူညီဆောင်ရွက်ရန်၊

(ခ) မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများကို လေ့လာ၍ ပါဝင်ချုပ်ဆိုရန်၊ လိုအပ်လျှင်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရန်၊

(ဂ) ဒေသတွင်းရှိ နိုင်ငံတကာလွှတ်တော်များသို့ ဝမ်းမြောက်ကြောင်း သို့မဟုတ် ဝမ်းနည်းကြောင်း သဝဏ်လွှာများပေးပို့ရေး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရန်၊

(ဃ) ကုလသမဂ္ဂအဖွဲ့ချုပ်၏ မျက်နှာစာတွင် နိုင်ငံတော်၏အကျိုးစီးပွားကို ထိခိုက်လာနိုင်သည့် လုပ်ဆောင်ချက်များကို ကြိုတင်ဟန့်တားနိုင်ရေးအတွက် လေ့လာရန်၊

(င) အာဆီယံအသင်းကြီး၏ ပဋိညာဉ်နှင့် မဏ္ဍိုင်သုံးရပ်ဆိုင်ရာ လုပ်ငန်းများ၊ အာဆီယံအသင်းကြီး၏ ပဋိညာဉ်ကို ကျော်လွန်၍ မြန်မာနိုင်ငံအကျိုးစီးပွားကို ထိခိုက်အောင်ဆောင်ရွက်မှုများ ရှိ မရှိ လေ့လာရန်၊

(စ) နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များရှိပါက လွှတ်တော်သို့ တင်ပြရေး ဆောင်ရွက်ရန်၊

(ဆ) နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်သည့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်မှု ရှိ မရှိ လေ့လာပြီး လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီဆောင်ရွက်ရန်၊

(ဇ) ကုလသမဂ္ဂအဖွဲ့အစည်း (UNDP, UNESCO, UNHCR, UNICEF) တို့နှင့် နိုင်ငံဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုများတွင် ဥပဒေနှင့်ညီညွတ်ရေး၊ မိတ်ဝတ်မပျက် စဉ်ဆက်မပြတ် ပေါင်းစည်းဆောင်ရွက်နိုင်ရေး ထိန်းညှိပေးရန်၊

(ဈ) အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ဆက်စပ်ပြဿနာများ၊ မိတ်ဖက်ဆောင်ရွက်ချက်များကို လေ့လာ၍ တွေ့ရှိချက်များကို လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ တင်ပြရန်၊

(ည) အမျိုးသားအကျိုးစီးပွားအတွက်ရည်ရွယ်၍ ကမ္ဘာ့နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မည့် နည်းလမ်းသစ်များ ရှာဖွေခြင်း၊ စုဆောင်းခြင်းနှင့် လွှတ်တော်ဥက္ကဋ္ဌခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ တင်ပြရန်၊

(ဋ) ကမ္ဘာ့တိုင်းပြည်များတွင်ဖြစ်ပေါ်နေသည့် အခြေအနေများအရ နိုင်ငံတော်၏လုံခြုံရေးအား ထိခိုက်လာနိုင်သည့် အလားအလာများကို လေ့လာဆန်းစစ်၍ လွှတ်တော်ဥက္ကဋ္ဌထံသို့ အချိန်နှင့် တစ်ပြေးညီ တင်ပြရန်၊

( ဌ ) အပြည်ပြည်ဆိုင်ရာလွှတ်တော်များ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို Website များမှတစ်ဆင့် လေ့လာမှတ်တမ်းပြုစုထားရှိရန်၊

( ဍ ) IPU, AIPA, အခြားအပြည်ပြည်ဆိုင်ရာလွှတ်တော်များနှင့် လိုအပ်ပါက ချိတ်ဆက်နိုင်ရန် သက်ဆိုင်ရာကော်မတီများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

( ဎ ) အပြည်ပြည်ဆိုင်ရာလွှတ်တော်များနှင့်စပ်လျဉ်းသည့် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ရက်တိုသင်တန်းများ မြန်မာနိုင်ငံ၌ကျင်းပလာပါက ကော်မတီဝင်များအလှည့်ကျ တက်ရောက်ပါဝင်ဆွေးနွေးစေခြင်းနှင့် အတွေ့အကြုံ ပြန်လည်ရှင်းလင်းစေနိုင်ရေး စီစဉ်ပေးရန်၊

(ဏ) ကော်မတီဝင်များအတွက် နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာများကို အကျွမ်းတဝင်ရှိစေရေး စီစဉ်ဆောင်ရွက်ရန်၊

(တ) လွှတ်တော်ဥက္ကဋ္ဌကပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များအား ဆောင်ရွက်ရန်။

## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၆။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်–

(က) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း (UN) လက်အောက်ခံအဖွဲ့အစည်းများဖြစ်သော (UNDP, UNESCO, UNHCR, UNICEF) စသော အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက တွေ့ဆုံခွင့်ပြုရန် တင်ပြလာပါက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ လက်ခံတွေ့ဆုံနိုင်ရေး ဆောင်ရွက်ပေးရမည်။

( ခ ) အာဆီယံအဖွဲ့အစည်း၏ ရည်ရွယ်ချက်၊ အခြေခံမူများနှင့်အညီ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံ လွှတ်တော်များနှင့် ဆက်သွယ်ဆောင်ရွက်ပေးရမည်။

( ဂ ) သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် နယ်စပ်ဖြတ်ကျော်မှုများအား ထိရောက်စွာ စုပေါင်းတုံ့ပြန်ရန်နှင့် Comprehensive Security ရရှိရေး နိုင်ငံအချင်းချင်း ပွင့်ပွင့်လင်းလင်း ထင်သာမြင်သာရှိအောင် ဆက်ဆံဆောင်ရွက်ပေးရမည်။

(ဃ) နိုင်ငံတော်နှင့်ပြည်သူတို့၏ အမျိုးသားအကျိုးစီးပွားထိခိုက်စေနိုင်သည့် ပြည်တွင်း ပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ ဆက်ဆံရေး စသည့် အခြေအနေများအား စဉ်ဆက်မပြတ် လေ့လာတင်ပြရမည်။

( င ) **Diplomacy is the first line of Defences** ဟု ဆိုသည့်အတိုင်း နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် လွှတ်တော်၏ သံတမန်ဆက်ဆံရေးစွမ်းအား ပိုမိုဖြန့်ကြက်နိုင်ရေး၊ ကမ္ဘာ့နိုင်ငံအားလုံးရှိ လွှတ်တော်များက ထောက်ခံကူညီပံ့ပိုးမှုရရှိစေရေးအတွက် သံတမန်နည်းလမ်းဖြင့် နိုင်ငံတကာဆက်ဆံရေး နယ်ပယ်နှင့် မျက်နှာစာ ပိုမိုကျယ်ပြန့်ကြီးမားလာအောင် စဉ်ဆက်မပြတ် စည်းရုံး ဆက်ဆံသွားရမည်။

( စ ) လွှတ်တော်အချင်းချင်း ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ ဆောင်ရွက်ရမည်။

(ဆ) အပြည်ပြည်ဆိုင်ရာလွှတ်တော်များ၏ အရေးပါသည့် ပြောင်းလဲကျင့်သုံးမှုများ၊ ထူးခြားဖြစ်စဉ်များအား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြပေးရမည်။

**ကော်မတီ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၇။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၈။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) အောင်လင်းဒွေး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**ကြေညာချက်အမှတ် (၁/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)

**တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်) အင်္ဂါနေ့ နံနက် ၁၀:၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) အောင်လင်းဒွေး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၅၅/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဒေါ်ဇာနည်လှိုင်<br>တ/၃၇၁၆ | သာစည်<br>မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒေါ်နေရောင်လင်းသန့်<br>တ/၃၇၅၃ | ဝမ်းတွင်း<br>မန္တလေးတိုင်းဒေသကြီး |

သာဒွေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၅၆/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ရှမ်းပြည်နယ်၊ နမ့်စန်မြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး ဦးစိုင်းထွမ်း (တ/၃၉၁၇) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာဒွေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၅/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး ဦးထူးအောင်မွန် (တ/၃၉၂၀) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးတင့်ဝေ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ဦးချမ်းသာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပမန (နိုင်) ၂၆၁၉၈၆ (ဘ) ဦးမောင်ကို အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေနှင့်အညီ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၆)**

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးတူးမော်၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ဦးဂျေအမ်ဆန်းအောင်ဂျာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၂/အစန (နိုင်) ၁၉၈၃၅၈ (ဘ) ဦးတူးမော် အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေနှင့်အညီ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၆)**

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်း၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ဦးရွှေလှဝင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၂/ ဥကမ (နိုင်) ၁၁၆၁၂၇ (ဘ) ဦးစိန်ဝင်း အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်

အဆောင်အယောင်များဆိုင်ရာဥပဒေနှင့်အညီ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၂၆)**

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါ်စုစုဝင်း၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ဦးနေထက်ဝင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၃/ တကန (နိုင်) ၃၂၉၂၇၃ (ဘ) ဦးကျော်တင့် အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေနှင့်အညီ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါက်တာ မာလာမော်၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ဒေါ်ကလျာလင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၂/စခန(နိုင်) ၀၀၃၀၆၇ (ဘ) ဦးတင်ညွန့် အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေနှင့်အညီ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

အောင်ဇော်သိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

**ကိုယ်ရေးအရာရှိရာထူးခန့်ထားခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းထွတ်သိန်း ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ဦးမြအေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၂ / သဃက (နိုင်) ၀၁၇၃၁၇ ကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေနှင့်အညီ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

## ကြေညာချက်အမှတ် (၃၈/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးဖြည့်စွက်ကြောင်းကြေညာခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်များ၌ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၃၂ အရ ဧရာဝတီတိုင်းဒေသကြီး အမျိုးသား လွှတ်တော် အချိုးကျကိုယ်စားပြုစနစ်မဲဆန္ဒနယ်အမှတ် (၁) မှ လစ်လပ်သွားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးမြင့်ကြိုင် [၉/မနမ(နိုင်)၀၈၉၅၄၆] ကိုယ်စားလှယ်အမှတ် (၇) **အစား** သက်ဆိုင်ရာ နိုင်ငံရေးပါတီ၏ ဦးစားပေးအစီအစဉ်အတိုင်းတင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် ဦးစားပေးအစီအစဉ်အရ ဦးပြုံးချို [၁၄/မမန(နိုင်)၀၀၉၈၀၄] အား အစားထိုးဖြည့်စွက်ကြောင်း ကြေညာ လိုက်သည်။

## ကြေညာချက်အမှတ် (၃၉/၂၀၂၆)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အစားထိုး ဖြည့်စွက်ကြောင်းကြေညာခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်များ၌ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၃၂ အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ်မဲဆန္ဒနယ်များမှ လစ်လပ် သွားသည့် လွှတ်တော်ကိုယ်စားလှယ်များနေရာ၌ သက်ဆိုင်ရာနိုင်ငံရေးပါတီ၏ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် ဦးစားပေးအစီအစဉ်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါအတိုင်း အစားထိုးဖြည့်စွက်ကြောင်း ကြေညာလိုက်သည်–

(၁) **ကရင်ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )**

| | | |
|---|---|---|
| ဒေါ်နန်းနီနီအေး | **အစား** | ဦးအောင်မြင့်သိန်း |
| ၃/ဘအန(နိုင်)၀၁၃၈၂၆ | | ၃/ကကရ(နိုင်)၀၁၀၅၃၈ |
| ဘားအံမြို့နယ် | | ဘားအံမြို့နယ် |
| ကိုယ်စားလှယ်အမှတ်(၂) | | ကိုယ်စားလှယ်အမှတ်(၂) |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

(၂) **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )**

| | | |
|---|---|---|
| ဦးထင်ကျော်သူ | **အစား** | ဦးအောင်ပြည့်ဖြိုး |
| ၁၂/လကန(နိုင်)၀၂၂၂၀၂ | | ၁၂/သကတ(နိုင်)၁၄၂၁၆၃ |
| မရမ်းကုန်းမြို့နယ် | | မရမ်းကုန်းမြို့နယ် |
| ကိုယ်စားလှယ်အမှတ်(၂) | | ကိုယ်စားလှယ်အမှတ်(၂) |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

## ကြေညာချက်အမှတ် (၄၀/၂၀၂၆)
## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲ လိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် ၃၅/၂၀၂၆ တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၃၁၆၆၇ | **အစား** | ကြည်း ၃၃၁၃၅ |
| ဗိုလ်မှူးကြီး သိန်းဇော်မြင့် | | ဗိုလ်မှူးကြီး ရန်ကြီးအောင် |

သန်းစိုး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၆၆/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးဝန်ကြီးဌာန (ယခင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန) စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၆) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ စီမံရေးရာဌာနခွဲမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်သူဇာလှိုင် အား ဦးစီးအရာရှိ (စီမံ/ဘတ်ဂျက်နှင့်ငွေစာရင်း)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၆၇/၂၀၂၆)

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးဝန်ကြီးဌာန (ယခင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန) စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၆) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ ကချင်ပြည်နယ်ရုံး၊ မြစ်ကြီးနားမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်အေးသီတာ အား ဦးစီးအရာရှိ (တိုင်းဒေသကြီး/ပြည်နယ်)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

မြထွန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကာကွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

**ကာကွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၂၅ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ကာကွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဗိုလ်ချုပ်ကြီး ထွန်းအောင်<br>ပြည်ထောင်စုဝန်ကြီး | ဥက္ကဋ္ဌ |
| ( ခ ) | ဗိုလ်ချုပ် အောင်မျိုးသန့်<br>ဒုတိယဝန်ကြီး | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဦးဇော်နိုင်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးမျိုးဇော်ဇော်<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ဒေါက်တာ စိုးသက်မောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒေါ်ယဉ်ယဉ်ကြည်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဗိုလ်မှူးချုပ် မျိုးမင်း<br>အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | အတွင်းရေးမှူး |
| ( ဇ ) | ဦးတင်စိုး<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | တွဲဖက်အတွင်းရေးမှူး |

ဗိုလ်ချုပ်ကြီး ထွန်းအောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၃၁၆) ခြေမြန်တပ်ရင်းမှ ကြည်း ၇၅၈၈၆ ဗိုလ်ကြီး မင်းဇင်ဦး အား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့် နေ့မှစ၍ ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၅/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

၁။　ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ အား ၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၅-၂၀၂၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှစတင်၍ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။　ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ အား ငြင်းပယ်ထားသည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ၁၉-၁၀-၂၀၂၆ ရက်နေ့မှ ၁၈-၂-၂၀၂၇ ရက်နေ့အထိ ခံစားစေပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် နောက်တစ်ရက် ဖြစ်သော ၁၉-၂-၂၀၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ ကံဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၆၄/၂၀၂၆)

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

၁။　ရန်ကုန်တိုင်းဒေသကြီး၊ အလုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး) ဦးထွန်းသိန်း (ပ/၃၉၀၃) အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက်နေ့မှ စက်တင်ဘာလ ၂၅ ရက်နေ့အထိ (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာငြင်းပယ်လိုက်သည်။

၂။　အုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး) ဦးထွန်းသိန်း(ပ/၃၉၀၃)အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၆-၉-၂၀၂၆ ရက်နေ့မှ ၂၅-၁-၂၀၂၇ ရက်နေ့ အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၆-၁-၂၀၂၇ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၇၇/၂၀၂၆)

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီးသို့ တွဲဖက်ထားသော အမှတ် (၆) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲမှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲ ၂၂၆၆ ရဲမှူးကြီး ခင်ဝင်းမြင့် အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဥပဒေပုဒ်မ ၃၉ (က) အရ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှ ဩဂုတ်လ ၄ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေပုဒ်မ ၄၅(က) နှင့် ၄၆ (က) (၁) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၈၀/၂၀၂၆)

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၂) ဦးတို့အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

(၁) စ/၁၁၀၆ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်း လေ့ကျင့်ရေးဌာနစု — ဥပဒေနှင့် အကျိုးဆောင်ဌာန

(၂) စ/၁၁၇၉ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းကြည် မန္တလေးတိုင်းဒေသကြီးရုံး — ရှမ်းပြည်နယ်ရုံး

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၈၃/၂၀၂၆)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲ ၁၉၇၉ ရဲမှူးကြီး စိုးလင်းအောင်အား ရဲမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ မှုခင်းနှင့် ဥပဒေရေးရာဌာနကြီးသို့ ဌာနကြီးမှူးအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၈၆/၂၀၂၆)

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးမှ က ၃၀၇၉ ညွှန်ကြားရေးမှူး ဦးမျိုးငွေအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်နေ့မှ စက်တင်ဘာလ ၇ ရက်နေ့အထိခံစားခွင့်ပြုပြီး ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဥပဒေရေးရာဝန်ကြီးဌာန

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

အမှတ် ၆၀။    အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး/ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ/ဒုတိယပြည်နယ်ဥပဒေအရာရှိ/ခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူး/ပြည်နယ်ဥပဒေအရာရှိ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာချထားသည့်ရာထူး၊ ရုံး |
|---|---|---|---|
| ၁။ | ဒေါ်ယဉ်ယဉ်မြင့်<br>ဥ/၂၄၂၇ | ခရိုင်ဥပဒေအရာရှိ<br>တောင်ငူခရိုင်ဥပဒေရုံး | ညွှန်ကြားရေးမှူး<br>တရားမဆိုင်ရာအမှုလိုက်ဌာနခွဲ<br>တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| ၂။ | ဒေါ်နန်းသင်းသင်းလှိုင်<br>ဥ/၂၄၆၆ | ဒုတိယတိုင်းဒေသကြီး<br>ဥပဒေအရာရှိ<br>စစ်ကိုင်းတိုင်းဒေသကြီး<br>ဥပဒေချုပ်ရုံး | ညွှန်ကြားရေးမှူး<br>ကြီးကြပ်စီမံရေးဌာနခွဲ<br>ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| ၃။ | ဒေါ်သီသီဟန်<br>ဥ/၂၄၃၄ | ဒုတိယညွှန်ကြားရေးမှူး<br>နည်းဥပဒေ၊ စည်းမျဉ်း၊<br>စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊<br>အမိန့်၊ ညွှန်ကြားချက်နှင့်<br>လုပ်ထုံးလုပ်နည်းများ<br>စိစစ်အကြံပြုရေးဌာနခွဲ<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူး<br>ဥပဒေအသိပညာပြန့်ပွားရေးဌာနခွဲ<br>ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| ၄။ | ဦးကျော်မွေး<br>ဥ/၂၆၂၁ | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်<br>ပြစ်မှုဆိုင်ရာအမှုလိုက်ဌာနခွဲ<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်<br>ပြစ်မှုဆိုင်ရာအမှုလိုက်ဌာနခွဲ<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| ၅။ | ဒေါ်အေးအေးခိုင်<br>ဥ/၂၆၆၆ | ဒုတိယညွှန်ကြားရေးမှူး<br>အထွေထွေဥပဒေအကြံဉာဏ်<br>ပေးရေးဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူး<br>ဥပဒေဘာသာပြန်ဌာနခွဲ<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| ၆။ | ဦးစန်းလွင်ဦး<br>ဥ/၂၅၇၈ | ဒုတိယပြည်နယ်ဥပဒေအရာရှိ<br>ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး | ပြည်နယ်ဥပဒေအရာရှိ<br>ကချင်ပြည်နယ်ဥပဒေချုပ်ရုံး |

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့ နေရာချထားသည့်ရာထူး၊ ရုံး |
|---|---|---|---|
| ၇။ | ဦးသန်းဌွေး<br>ဥ/၂၄၈၃ | ဒုတိယညွှန်ကြားရေးမှူး<br>ဥပဒေများစိစစ်ရေးဌာနခွဲ<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူး<br>ဥပဒေများစိစစ်ရေးဌာနခွဲ<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

အမှတ် ၆၉။ ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး၊ ဒုတိယဦးစီးမှူး (ဥပဒေအရာရှိအဆင့် - ၄) ဦးဟိန်းထက်ဇော် (ဥ/၄၀၄၂) အား တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ရခိုင်ပြည်နယ်ဥပဒေချုပ် ဦးဝင်းမောင် ၏ ကိုယ်ရေးအရာရှိအဖြစ် ခန့်ထားလိုက်သည်။

ဒေါက်တာ သီတာဦး
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
### အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၆)
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

၁။ ပုဂ္ဂလိကမီဒီယာကဏ္ဍ ရှင်သန်ရပ်တည်ဖွံ့ဖြိုးတိုးတက်ပြီး မီဒီယာကျင့်ဝတ်နှင့် ညီညွတ်၍ လူမှုတာဝန်သိသော မီဒီယာများ ဖြစ်ပေါ်လာစေရန်အတွက် ပြည်တွင်း ပြည်ပ မီဒီယာများ/အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် **မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Myanmar Media Development Group – MMDG)** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ဥက္ကဋ္ဌ
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ — အဖွဲ့ဝင်

(ဂ) ကိုယ်စားလှယ်တစ်ဦး
မြန်မာနိုင်ငံရုပ်သံထုတ်လွှင့်သူများအသင်း — အဖွဲ့ဝင်

(ဃ) ဒေါ်နန်းကလျာဝင်း
CEO
Popular News — အဖွဲ့ဝင်

(င) ဦးအောင်ဇေယျာလွင်
ဥက္ကဋ္ဌ
Myanmar Digital Economy Association — အဖွဲ့ဝင်

(စ) ဦးမြင့်အောင်
အတွင်းရေးမှူး
မြန်မာနိုင်ငံဂီတအစည်းအရုံး — အဖွဲ့ဝင်

(ဆ) ဦးကိုကို (ခ) ကိုကို (စက်မှုတက္ကသိုလ်) အဖွဲ့ဝင်
ဥက္ကဋ္ဌ
Yangon Media Group

( ဇ ) ဦးဇေယျာဇော် အဖွဲ့ဝင်
MD
Colorful Garden Company

( ဈ ) ဦးခင်မောင်ကျော်ဒင် အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ (၂)
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

(ည) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံနိုင်ငံခြားသတင်းထောက်များအသင်း (FCC)

( ဋ ) ဦးအောင်မျိုးသန့် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

( ဌ ) ဒေါက်တာ သီတာတင် အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂။ အဆိုပါအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ခ ) မြန်မာနိုင်ငံရှိ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် UNESCO အပါအဝင် ပြည်တွင်း ပြည်ပရှိ မီဒီယာဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ မီဒီယာကျွမ်းကျင်သူများနှင့် ညှိနှိုင်း၍ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ ဟောပြောပွဲများ၊ Seminar များကို အခါအားလျော်စွာ စီစဉ်ကျင်းပခြင်းနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဂ ) မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးကို စေတနာအမှန်ဖြင့် လိုလား၍ ပူးပေါင်းကူညီလိုသော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရင်း ပြည်သူများ သတင်းသိရှိပိုင်ခွင့်ကို ပိုမိုရရှိရေး ဆောင်ရွက်ပေးခြင်း၊

(ဃ) မြန်မာနိုင်ငံရှိ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း ပြည်ပရှိ မီဒီယာဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၏ အပြုသဘောဆောင်သည့် ဝေဖန်ထောက်ပြအကြံပြုချက်များအပေါ်သုံးသပ်၍ အတွင်းရေးမှူးမှတစ်ဆင့် ဥက္ကဋ္ဌထံသို့ တင်ပြခြင်း၊

( င ) မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ တင်ပြလာသည့် အသင်းအဖွဲ့များ၊ အစည်းအရုံးများ၏ အကြံပြုချက်များ၊ အစီရင်ခံစာများ၊ ဆောင်ရွက်လိုသည့် တင်ပြချက်များကို စိစစ်ခြင်း၊ သုံးသပ်တင်ပြခြင်း၊

( စ ) နိုင်ငံတကာမီဒီယာအဖွဲ့အစည်းများတွင် မြန်မာ့မီဒီယာအဖွဲ့များ ဂုဏ်သိက္ခာရှိစွာဖြင့် နိုင်ငံနှင့်ပြည်သူကို ကိုယ်စားပြု၍ ပါဝင်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊

(ဆ) စာပေ၊ သတင်းမီဒီယာ၊ ရုပ်ရှင်၊ သဘင်၊ ရုပ်သံလွှင့်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်စပ်သည့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) လွတ်လပ်ပြီး ပြည်ပမှ လွှမ်းမိုးမှုနှင့် အမှီအခိုကင်းသည့် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် မီဒီယာကဏ္ဍအသီးသီးမှ အဖွဲ့အစည်းများ၊ ပါဝင်ဆောင်ရွက်သူများအတွက်သင်တန်းများ၊ နည်းပညာ အထောက်အပံ့များနှင့် အထောက်အကူပြုပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းကူညီဆောင်ရွက်ပေးခြင်း၊

(ဈ) သတင်းမီဒီယာသမားများနှင့်ပတ်သက်သည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို စိစစ်သုံးသပ်၍၊ လေ့လာသုံးသပ်၍ ခေတ်အခြေအနေများနှင့်လျော်ညီအောင် လိုအပ်သည် များကို ပြင်ဆင်ဖြည့်စွက်/ အသစ်ပြဋ္ဌာန်းနိုင်ရန် အကြံပြုတင်ပြခြင်း၊

(ည) ပြည်တွင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ဖော်ထုတ်နိုင်ရေးအတွက် လိုအပ်သည့် လေ့လာမှုများနှင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက် ခြင်းနှင့် ဖွံ့ဖြိုးရေးမဟာဗျူဟာစီမံချက်များ ရေးဆွဲခြင်း၊

(ဋ) ဒီဂျစ်တယ်မီဒီယာများ၊ Mobile Application များနှင့် လူမှုကွန်ရက်မီဒီယာများ အသုံးပြုခြင်း အပါအဝင် နိုင်ငံအတွင်း မီဒီယာကဏ္ဍတွင် နည်းပညာအသုံးပြုမှုနှင့် ဒီဂျစ်တယ်မီဒီယာသိနားလည်မှု မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဌ) မီဒီယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်မှု (၃) လပတ်၊ (၆) လပတ်၊ နှစ်ချုပ် အစီရင်ခံစာများပြုစု၍ အတွင်းရေးမှူးမှတစ်ဆင့် ဥက္ကဋ္ဌထံသို့ တင်ပြခြင်း။

၃။ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်စွဲပါ အမိန့်အမှတ် ၃၈/၂၀၂၃ ကို ဤအမိန့် ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ထိန်လင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်)

## ပြည်ပသို့တင်ပို့မည့် မြန်မာ့ဆန်နှင့် ဆန်ထွက်ပစ္စည်းတို့၏ အရည်အသွေးသတ်မှတ်သည့် အမိန့်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ပြည်ပသို့ တင်ပို့မည့် မြန်မာ့ဆန်နှင့် ဆန်ထွက်ပစ္စည်းတို့၏ အရည်အသွေးသတ်မှတ်ချက်များကို နောက်ဆက်တွဲဖြင့် ထုတ်ပြန်လိုက်သည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်စွဲဖြင့် ထုတ်ပြန် ထားသည့် အမိန့်အမှတ် ၁/၂၀၁၄ ပါ နောက်ဆက်တွဲ (က) ကို ဤအမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

ချစ်ဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**နောက်ဆက်တွဲ**

## အခန်း (၁)

## ဆန်အဆင့်အတန်းခွဲခြားရာတွင် အသုံးပြုသည့်အသုံးအနှုန်းများ

**ဆန်**

၁။ **ဆန်** ဆိုသည်မှာ ရုက္ခဗေဒအမည် Oryza sativa L.. ဟုခေါ်သည့်စပါးမျိုးမှ ရရှိသော ဆန်နှင့် ဆန်ကွဲများကို ဆိုလိုသည်။

**စပါးစေ့**

၂။ **စပါးစေ့** ဆိုသည်မှာ ရိတ်သိမ်းခြွေလှေ့ပြီး ရရှိသောအခွံပါစပါးစေ့ကို ဆိုလိုသည်။

**ဆန်လုံးညို (လုံးတီးဆန်)**

၃။ **ဆန်လုံးညို (လုံးတီးဆန်)** ဆိုသည်မှာ စပါးခွံကို ဖယ်ရှားပြီး ရရှိလာသော ဆန်သားကို ဆိုလိုသည်။ အခွံချွတ်ခြင်းနည်းစဉ်များကြောင့်ဖြစ်စေ၊ ကိုင်တွယ်မှုကြောင့်ဖြစ်စေ ဖွဲနုလွှာ ပွန်းပဲ့မှု အနည်းအကျဉ်း ရှိနိုင်သည်။

**ကြိတ်ဖွပ်ထားသောဆန်**

၄။ **ကြိတ်ဖွပ်ထားသောဆန်** ဆိုသည်မှာ ကြိတ်ဖွပ်ခြင်းကြောင့် ဖွဲနုလွှာအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းနှင့် မျိုးဗီဇလွှာ (germ) ဖယ်ပြီးသော ဆန်ကို ဆိုလိုသည်။

**ဆန်လုံးပြည့်**

၅။ **ဆန်လုံးပြည့်** ဆိုသည်မှာ ကျိုးပဲ့မှုမရှိသော လုံးပြည့်ဆန်စေ့နှင့် ကျိုးပဲ့မှုမရှိသောဆန်စေ့များ၏ ပျမ်းမျှအလျား ဆယ်ပုံကိုးပုံနှင့်အထက်ရှိသောဆန်ကို ဆိုလိုသည်။

**ဆန်သား**

၆။ **ဆန်သား** ဆိုသည်မှာ ဆန်လုံးပြည့်၏ ပျမ်းမျှအလျားအောက်ရောက်ပြီး ဆန်ကွဲအလျားထက် ကျော်လွန်သော ဆန်ကို ဆိုလိုသည်။

**ဆန်ကွဲကြီး**

၇။ **ဆန်ကွဲကြီး** ဆိုသည်မှာ ဆန်သားအလျား၏အောက် ဆန်ကွဲလတ်အလျား၏အထက် ကျော်လွန်သော ဆန်၏အစိတ်အပိုင်းကို ဆိုလိုသည်။ ဆန်ကွဲအမှတ်(၁) ထက်ကြီးသော ဆန်ကွဲ ဖြစ်သည်။

**ဆန်ကွဲလတ်**

၈။ **ဆန်ကွဲလတ်** ဆိုသည်မှာ ဆန်ကွဲကြီးအလျား၏ အောက် ဆန်ကွဲသေးအလျား၏ ထက် ကျော်လွန်သော ဆန်၏အစိတ်အပိုင်းကို ဆိုလိုသည်။ ဆန်ကွဲလတ်တွင် ဆန်လုံးပြည့် ပျမ်းမျှအလျား၏ တစ်ဝက်နှင့်အောက် သို့မဟုတ် လေးပုံတစ်ပုံထက်ကြီးသော ဆန်ကွဲလည်း ပါဝင်သည်။ ဆန်ကွဲအမှတ် (၁) နှင့် ဆန်ကွဲအမှတ် (၂) တို့ အချိုးကျ ပါဝင်သည်။

**ဆန်ကွဲသေး**

၉။ **ဆန်ကွဲသေး** ဆိုသည်မှာ ဆန်၏ အစိတ်အပိုင်းဖြစ်ပြီး ဆန်ကွဲလတ်အလျား၏ အောက် အချင်း ၁.၄ မီလီမီတာ (ဆန်ခါ နံပါတ် ၆) ရှိ အပေါက်ဝိုင်းပါ သံဆန်ခါပေါ်တွင် တင်ကျန်ရစ်သည့် ဆန်ကွဲကို ဆိုလိုသည်။ ဆန်ကွဲအမှတ်(၂)၊ ဆန်ကွဲအမှတ်(၃) နှင့် ဆန်ကွဲအမှတ်(၄) တို့ အချိုးကျ ပါဝင်သည်။

**အစိုဓာတ်**

၁၀။ **အစိုဓာတ်** ဆိုသည်မှာ ဆန်အတွင်း၌ပါဝင်သော ရေဓာတ်ပမာဏကို ဆိုလိုပြီး၊ စံဖြင့်တိုက်ကြည့် စစ်ဆေးထားသည့် အစိုဓာတ်တိုင်းကိရိယာဖြင့် တိုင်းတာပြီးရာခိုင်နှုန်းဖြင့် ဖော်ပြခြင်းကို ဆိုလိုသည်။ စံဖြင့် တိုက်ကြည့်စစ်ဆေးထားသည့် အစိုဓာတ်တိုင်း ကိရိယာဆိုသည်မှာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန သို့မဟုတ် အခြားသတ်မှတ်ထားသည့်ဓာတ်ခွဲခန်းများက စံဖြင့်တိုက်ကြည့်စစ်ဆေးထားသည့် ကိရိယာကို ဆိုလိုသည်။

**ဆန်နီကြောင်းဆွဲဆန် (အနီစင်းကြောင်းပါသောဆန်)**

၁၁။ **ဆန်နီကြောင်းဆွဲဆန်** ဆိုသည်မှာ ဆန် သို့မဟုတ် ဆန်ကွဲအလွှာ၏တစ်ဝက် သို့မဟုတ် ယင်းထက် ကျော်လွန်သော အလျားရှိ ဆန်နီကြောင်းများ ပါရှိနေသော်လည်း ယင်းဆန်နီကြောင်းများ ဖုံးလွှမ်းနေသော မျက်နှာပြင်ဧရိယာသည် ဆန် သို့မဟုတ် ဆန်ကွဲ စုစုပေါင်း မျက်နှာပြင်ဧရိယာ၏ လေးပုံတစ်ပုံအောက်ရှိသည့် ဆန်ကို ဆိုလိုသည်။

**ဆန်နီ**

၁၂။ **ဆန်နီ** ဆိုသည်မှာ ဆန် သို့မဟုတ် ဆန်ကွဲ မျက်နှာပြင်ဧရိယာ၏ လေးပုံတစ်ပုံကျော်ခန့် အနီရောင်ရှိသော အလွှာတစ်ခု ဖုံးလွှမ်းနေခြင်းကို ဆိုလိုသည်။

**မြေဖြူရောင်ဆန်**

၁၃။ **မြေဖြူရောင်ဆန်** ဆိုသည်မှာ ဆန် သို့မဟုတ် ဆန်ကွဲများတွင် မျက်နှာပြင်ဧရိယာ၏ အနည်းဆုံး လေးပုံသုံးပုံခန့်ကို အဖြူနှစ်သဏ္ဍာန် ဖုံးလွှမ်းနေခြင်းကို ဆိုလိုသည်။ မြေဖြူရောင်ဆန်စေ့တွင် အလျား သုံးပုံနှစ်ပုံနှင့် အနံ သုံးပုံတစ်ပုံထက်ပိုပြီး ဗိုက်သားအဖြူရောင်ရှိသည့် ဆန်များလည်း ပါဝင်သည်။ သဘာဝမျိုးရိုးဗီဇအရ အလင်းမပေါက်ဘဲ မြေဖြူရောင်ဆန်ကဲ့သို့ဖြစ်နေသော ပေါ်ဆန်းဆန်နှင့် ကောက်ညှင်းဆန်ကဲ့သို့ ဆန်မျိုးများ မပါဝင်ပါ။

**အပူဓာတ်လွန်ကဲမှုကြောင့် အရောင်ပြောင်းသွားသည့်ဆန်**

၁၄။ **အပူဓာတ်လွန်ကဲမှုကြောင့် အရောင်ပြောင်းသွားသည့်ဆန်** ဆိုသည်မှာ အပူဓာတ်ကြောင့် မူလအရောင် ပြောင်းသွားသော ဆန်လုံးပြည့် သို့မဟုတ် ဆန်ကွဲကို ဆိုလိုသည်။ ဆန်ဝါပေါက်နေသော ဆန်လုံးပြည့်နှင့် ဆန်ကွဲ သို့မဟုတ် ရောနှောနေသော ပေါင်းဆန်များလည်း ပါဝင်သည်။

**ဆန်ပျက်**

၁၅။ **ဆန်ပျက်** ဆိုသည်မှာ အစိုဓာတ်၊ ပိုးမွှားရောဂါနှင့် အခြားအကြောင်းတရားများကြောင့် သိသာထင်ရှားစွာ ပျက်စီးနေသော ဆန်နှင့် ဆန်ကွဲကို ဆိုလိုသည်။ သို့သော် အပူဓာတ်လွန်ကဲမှုကြောင့် အရောင်ပြောင်းသွားသည့် ဆန်နှင့် ဆန်ကွဲတို့ မပါဝင်ပါ။

**ဆန်ဝါ**

၁၆။ **ဆန်ဝါ** ဆိုသည်မှာ သဘာဝပတ်ဝန်းကျင်အခြေအနေတွင် အစိုဓာတ်နှင့် အပူချိန်အကျိုးဆက်ကြောင့် ဆန်နှင့် ပေါင်းဆန်တွင် ဆန်၏တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ ဆန်လုံးပြည့် တစ်ခုလုံးသော်လည်းကောင်း မူလအရောင်မှ အဝါရောင် သို့မဟုတ် အဝါရောင်သန်းနေသည့် ဆန်ကို ဆိုလိုသည်။

**အရောင်မညီဆန်**

၁၇။ **အရောင်မညီဆန်** ဆိုသည်မှာ ပေါင်းဆန်တွင် အဝါဖျော့ရောင်၊ အဝါရောင်နှင့် လိမ္မော်ရောင်များ ရောနှော နေသော ဆန်ကို ဆိုလိုသည်။

**အမည်းရောင်ဆန် (Black Kernel)**

၁၈။ **အမည်းရောင်ဆန်** ဆိုသည်မှာ ပေါင်းဆန်တွင် အမည်းရောင်ရှိသော ဆန်သာမက အညိုရင့်ရောင်ရှိသော ဆန်များလည်း ပါဝင်ခြင်းကို ဆိုလိုသည်။

**တစ်စိတ်တစ်ပိုင်းအမည်းရောင်ရှိသောဆန်**

၁၉။ **တစ်စိတ်တစ်ပိုင်းအမည်းရောင်ရှိသောဆန်** ဆိုသည်မှာ ပေါင်းဆန်တွင် ဆန်စေ့အမည်းရောင် မဟုတ်ဘဲ ဆန်စေ့၏ လေးပုံတစ်ပုံနှင့်အထက် အမည်းရောင်ရှိသော ဆန်ကို ဆိုလိုသည်။

**ရောင်ပျက်ဆန်**

၂၀။ **ရောင်ပျက်ဆန်** ဆိုသည်မှာ ပေါင်းဆန်တွင် ဆန်စေ့မျက်နှာပြင်၏ လေးပုံတစ်ပုံအောက်အား အမည်းရောင် သို့မဟုတ် အညိုရင့်ရောင် စွန်းထင်းနေသောဆန်ကို ဆိုလိုသည်။

**မကျက်တကျက်ပေါင်းဆန်**

၂၁။ **မကျက်တကျက်ပေါင်းဆန်** ဆိုသည်မှာ ပေါင်းဆန်နှင့် ပေါင်းဆန် ဆန်ကွဲတွင် ကစီဓာတ်ကို အပြည့်အဝ ဖြိုခွဲနိုင်ခြင်း မရှိသောကြောင့် ဖြစ်ပေါ်လာသော အဖြူရောင် သို့မဟုတ် မြေဖြူရောင် ထင်ထင်ရှားရှားဖြစ်နေသော ဆန်ကို ဆိုလိုသည်။

**လုံးပိန်လုံးညှက်ဆန်**

၂၂။ **လုံးပိန်လုံးညှက်ဆန်** ဆိုသည်မှာ ကောင်းစွာ ဖွံ့ဖြိုးမှုမရှိသော ဆန်ကို ဆိုလိုသည်။

**ဆန်နှင့်မသက်ဆိုင်သောပစ္စည်းများ**

၂၃။ **ဆန်နှင့်မသက်ဆိုင်သောပစ္စည်းများ** ဆိုသည်မှာ ဆန်မှလွဲ၍ ဖုန်၊ သဲ၊ ခဲ၊ အမှိုက်၊ စပါးခွံ၊ ဆန်ပိုးအမျှင်များ၊ ကောက်ရိုးမျှင်များ၊ ပိုးကောင်အသေများ၊ ဆန်မဟုတ်သည့် အခြားသော အစေ့အဆန်များနှင့် အပင်အစိတ်အပိုင်းများ စသည်တို့ကို ဆိုလိုသည်။

**မျိုးကွဲဆန်**

၂၄။ **မျိုးကွဲဆန်** ဆိုသည်မှာ ဆန်အမျိုးအစားတစ်မျိုးတွင် ရောနှောနေသည့် အမျိုးအစားမတူသော ဆန်ကို ဆိုလိုသည်။

**ဖွဲနု**

၂၅။ **ဖွဲနု** ဆိုသည်မှာ ဆန်အား ကြိတ်ဖွပ်ရာမှထွက်လာသော အညိုရောင်အခွံမှာ (ဖွဲအလွှာ) နှင့် အချို့သော ကစီဓာတ်အလွှာကို ဆိုလိုသည်။

## အခန်း (၂)

## မြန်မာ့ဆန် အဆင့်အတန်း သတ်မှတ်ခြင်း

၂၆။ ပြည်ပသို့တင်ပို့ရောင်းချသော အဓိကဆန်အုပ်စုများတွင် ဆန်ဖြူ၊ ဆန်မွှေး၊ ကောက်ညှင်းဆန်၊ ဆန်လုံးညို (လုံးတီးဆန်)၊ ပေါင်းဆန်နှင့် ဆန်ကွဲ စသည်တို့ ပါဝင်သည်။ မြန်မာ့ဆန်၏ အဆင့်များကို ဆန်ကွဲပါဝင်မှုပမာဏနှင့် စက်ကြိတ်အဆင့်အတန်းပေါ် မူတည်၍ ခွဲခြားသတ်မှတ်သည်။

**ဆန်အမျိုးအစားခွဲခြားခြင်း**

၂၇။ ဆန်အား အောက်ပါအတိုင်း အမျိုးအစားခြောက်မျိုး ခွဲခြားထားသည်-

(က) **ဆန်ဖြူ**

ကောက်ညှင်းမဟုတ်သည့် စပါးအမျိုးအစားကို ကြိတ်ခွဲရာတွင် ဖွဲအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ သို့မဟုတ် မျိုးဗီဇလွှာ (germ) ကို ဖြစ်စေ ဖယ်ရှားပြီးဖြစ်သော စပါးခွံချွတ်ထားသည့်ဆန်ကို ဆိုလိုသည်။ ဆန်ဖြူ စံနှုန်းတွင် အောက်ပါအတိုင်း အမျိုးအစားသုံးမျိုး သတ်မှတ်သည်-

(၁) **လုံးရှည်ဆန်**

လုံးရှည်ဆန် (ထူး) - ဆန်သားအလျား ၆.၅ မီလီမီတာထက်ရှည်လျားပြီး ဆန်အလျားအနံအချိုး ၂ ထက်ပို၍ ၃ အောက်ငယ်သော ဆန် သို့မဟုတ် ဆန်အလျား အနံအချိုး ၃ နှင့် ယင်းထက် ပိုသောဆန်၊

လုံးရှည်ဆန်(ပုံမှန်) - ဆန်သားအလျား ၆.၀ မီလီမီတာ မှ ၆.၅ မီလီမီတာထိရှည်လျားပြီး ဆန်အလျား အနံအချိုး ၂ ထက်ပို၍ ၃ အောက်ငယ်သော ဆန် သို့မဟုတ် ဆန်အလျား အနံအချိုး ၃ နှင့် ယင်းထက်ပိုသောဆန်။

(၂) **လုံးလတ်ဆန်**

ဆန်သားအလျား ၅.၂ မီလီမီတာမှ ၆.၀ မီလီမီတာထိရှည်လျားပြီး ဆန်အလျား အနံအချိုး ၃ အောက်ငယ်သောဆန်။

(၃) **လုံးပုဆန်**

ဆန်သားအလျား ၅.၂ မီလီမီတာနှင့်အောက်ရှည်လျားပြီး ဆန်အလျား အနံအချိုး ၂ အောက်ငယ်သောဆန်။

(ခ) **ဆန်မွှေး**

(၁) **ပေါ်ဆန်းဆန်**

မြန်မာနိုင်ငံ၏ အပူပိုင်းဒေသတွင်စိုက်ပျိုးသော ဂျပွန်နီကာ အမျိုးအစားဖြစ်ပြီး ချက်ပြုတ်ပြီးသည့် ထမင်းသည် နူးညံ့ခြင်း၊ အမွှေးနံ့ရှိခြင်းနှင့် အရသာ ကောင်းမွန်ခြင်းစသည့် ဂုဏ်သတ္တိများရှိပါသည်။ ပေါ်ဆန်းဆန်သည် လုံးလတ်ဆန် အမျိုးအစားဖြစ်သည်။ ဆန်သားအလျား ၅.၂ မီလီမီတာမှ ၆.၀ မီလီမီတာထိရှည်လျားပြီး ဆန်အလျား အနံအချိုး ၃ အောက်ငယ်သော ဆန်ဖြစ်သည်။

(၂) **အခြားအမွှေးနံ့ရှိသောဆန်များ**

အင်ဒီကာဆန်မွှေးများဖြစ်သည့် လုံးသွယ်မွှေး၊ ဧကရီမွှေး၊ ရွှေပြည်ထွေး၊ နံ့သာမွှေးနှင့် ဥဿာမွှေးစသည့် ဆန်မျိုးများဖြစ်သည်။ ယင်းဆန်များသည် လုံးရှည်ဆန် အမျိုးအစားဖြစ်သည်။ ဆန်သား အလျား ၆.၀ မီလီမီတာမှ ၆.၅ မီလီမီတာထိရှည်လျားပြီး ဆန်အလျား အနံအချိုး ၂ ထက်ပို၍ ၃ နှင့် အောက်ငယ်သော ဆန် သို့မဟုတ် ဆန်အလျားအနံအချိုး ၃ နှင့် ယင်းထက်ပိုသော ဆန်ဖြစ်သည်။

(ဂ) **ကောက်ညှင်းဆန်**

စပါးမျိုးစိတ်များမှရရှိသော ထူးခြားသည့်ဆန်သားဖြစ်ပြီး အရောင်အဆင်းမှာ အဖြူနှင့်အမည်း နှစ်မျိုးရှိသည်။ ဆန်သားတစ်ခုလုံးတွင်အမိုင်လိုပက်တင် (Amylopectin) အပြည့်နီးပါး ပါရှိသည်။ ချက်ပြုတ်ပြီးပါက ဆန်စေ့ တစ်စေ့နှင့် တစ်စေ့ စေးကပ်တတ်သော သဘာဝရှိသည်။ ကောက်ညှင်းဆန် စံနှုန်းတွင် အောက်ပါအတိုင်း အမျိုးအစား နှစ်မျိုးသတ်မှတ်သည်-

(၁) **လုံးရှည်ဆန်**

လုံးရှည်ဆန် (ထူး) - ဆန်သားအလျား ၆.၅ မီလီမီတာထက်ရှည်လျားပြီး ဆန်အလျား အနံအချိုး ၂ ထက်ပို၍ ၃ နှင့် အောက်ငယ်သော ဆန် သို့မဟုတ် ဆန်အလျား အနံအချိုး ၃ နှင့် ယင်းထက်ပိုသောဆန်။

လုံးရှည်ဆန်(ပုံမှန်) - ဆန်သားအလျား ၆.၀ မီလီမီတာမှ ၆.၅ မီလီမီတာထိရှည်လျားပြီး ဆန်အလျား အနံအချိုး ၂ ထက်ပို၍ ၃ နှင့် အောက်ငယ်သောဆန် သို့မဟုတ် ဆန်အလျား အနံ အချိုး ၃ နှင့် ယင်းထက်ပိုသောဆန်။

(၂) **လုံးလတ်ဆန်**

ဆန်သားအလျား ၅.၂ မီလီမီတာမှ ၆.၀ မီလီမီတာထိရှည်လျားပြီး ဆန်အလျား အနံအချိုး ၃ အောက်ငယ်သောဆန်။

(ဃ) **ဆန်လုံးညို (လုံးတီးဆန်)**

ဆန်လုံးညို (လုံးတီးဆန်) စံနှုန်းတွင် အောက်ပါအတိုင်း အမျိုးအစားသုံးမျိုး သတ်မှတ်သည်–

(၁) **လုံးရှည်ဆန်**

လုံးရှည်ဆန် (ထူး) – ဆန်သားအလျား ၆.၇ မီလီမီတာထက်ရှည်လျားပြီး ဆန်အလျား အနံအချိုး ၂ ထက်ပို၍ ၃ အောက်ငယ်သော ဆန် သို့မဟုတ် ဆန်အလျား အနံအချိုး ၃ နှင့် ယင်းထက်ပိုသောဆန်။

လုံးရှည်ဆန်(ပုံမှန်) – ဆန်သားအလျား ၆.၂ မီလီမီတာမှ ၆.၇ မီလီမီတာထိရှည်လျားပြီး ဆန်အလျား အနံအချိုး ၂ ထက်ပို၍ ၃ အောက်ငယ်သော ဆန် သို့မဟုတ် ဆန်အလျား အနံအချိုး ၃ နှင့် ယင်းထက်ပိုသောဆန်။

(၂) **လုံးလတ်ဆန်**

ဆန်သားအလျား ၅.၄ မီလီမီတာမှ ၆.၂ မီလီမီတာထိရှည်လျားပြီး ဆန်အလျား အနံအချိုး ၃ အောက်ငယ်သောဆန်။

(၃) **လုံးပုဆန်**

ဆန်သားအလျား ၅.၄ မီလီမီတာနှင့်အောက်ရှည်လျားပြီး ဆန်အလျား အနံအချိုး ၂ အောက်ငယ်သောဆန်။

( င ) **ပေါင်းဆန်**

စပါးဖြစ်စေ၊ ဆန်လုံးညို (လုံးတီးဆန်) ဖြစ်စေ၊ ပေါင်းဆန်ပြုလုပ်ခြင်း နည်းအဆင့်ဆင့်ဖြစ်သော ရေစိမ်ခြင်း၊ ပေါင်းခံခြင်းတို့ဖြင့် ဆန်သား၏ ကစီဓာတ်ဖြိုခွဲပြီးနောက် အခြောက်ခံ၍ ကြိတ်ဖွပ်ရရှိသော ဆန်ဖြစ်သည်။ ပေါင်းဆန်စံနှုန်းတွင် အောက်ပါအတိုင်း အမျိုးအစားနှစ်မျိုးသတ်မှတ်သည်–

(၁) **လုံးရှည်ဆန်**

လုံးရှည်ဆန် (ထူး) – ဆန်သားအလျား ၆.၅ မီလီမီတာထက်ရှည်လျားပြီး ဆန်အလျား အနံအချိုး ၂ ထက်ပို၍ ၃ အောက်ငယ်သော ဆန် သို့မဟုတ် ဆန်အလျား အနံအချိုး ၃ နှင့် ယင်းထက်ပိုသောဆန်။

လုံးရှည်ဆန်(ပုံမှန်) – ဆန်သားအလျား ၆.၀ မီလီမီတာမှ ၆.၅ မီလီမီတာထိရှည်လျားပြီး ဆန်အလျား အနံအချိုး ၂ ထက်ပို၍ ၃ အောက်ငယ်သော ဆန် သို့မဟုတ် ဆန်အလျား အနံအချိုး ၃ နှင့် ယင်းထက်ပိုသောဆန်။

(၂) **လုံးလတ်ဆန်**

ဆန်သားအလျား ၅.၂ မီလီမီတာမှ ၆.၀ မီလီမီတာထိရှည်လျားပြီး ဆန်အလျား အနံအချိုး ၃ အောက်ငယ်သောဆန်။

( စ ) **ဆန်လုံးညို (လုံးတီးဆန်) ပေါင်းဆန်**

ဆန်လုံးညို (လုံးတီးဆန်) ကို ပေါင်းဆန် ပြုလုပ်ခြင်း နည်းအဆင့်ဆင့်ဖြစ်သော ရေစိမ်ခြင်း၊ ပေါင်းခံခြင်းတို့ဖြင့် ဆန်သား၏ ကစီဓာတ်ဖြိုခွဲပြီးနောက် အခြောက်ခံထားသော ဆန်ဖြစ်သည်။ ဆန်လုံးညို (လုံးတီးဆန်) ပေါင်းဆန်စံနှုန်းတွင် အောက်ပါအတိုင်း အမျိုးအစားနှစ်မျိုးသတ်မှတ်သည်–

(၁) **လုံးရှည်ဆန်**

လုံးရှည်ဆန် (ထူး) – ဆန်သားအလျား ၆.၇ မီလီမီတာထက်ရှည်လျားပြီး ဆန်အလျား အနံအချိုး ၂ ထက်ပို၍ ၃ အောက်ငယ်သောဆန် သို့မဟုတ် ဆန်အလျား ၆.၅ မီလီမီတာထက်ရှည်လျားပြီး ဆန်အလျား အနံအချိုး ၃ နှင့် ယင်းထက်ပိုသောဆန်။

လုံးရှည်ဆန်(ပုံမှန်) – ဆန်သားအလျား ၆.၂ မီလီမီတာမှ ၆.၇ မီလီမီတာထိရှည်လျားပြီး ဆန်အလျား အနံအချိုး ၂ ထက်ပို၍ ၃ အောက်ငယ်သော ဆန် သို့မဟုတ် ဆန်သားအလျား ၆.၀ မီလီမီတာမှ ၆.၅ မီလီမီတာထိရှည်လျားပြီး ဆန်အလျား အနံအချိုး ၃ နှင့် ယင်းထက်ပိုသောဆန်။

(၂) **လုံးလတ်ဆန်**

ဆန်သားအလျား ၅.၄ မီလီမီတာမှ ၆.၂ မီလီမီတာထိရှည်လျားပြီး ဆန်အလျား အနံအချိုး ၃ အောက်ငယ်သောဆန်။

**အခန်း (၃)**

**ကြိတ်ဖွပ်ခြင်းအတိုင်းအတာ**

**ပိုမိုကောင်းမွန်စွာ ကြိတ်ဖွပ်ထားသောဆန်**

၂၈။ ပိုမိုကောင်းမွန်စွာ ကြိတ်ဖွပ်ထားသောဆန်သည် ဆန်လုံးညို (လုံးတီးဆန်) ကို ဆန်သားအဖြစ် ကြိတ်ဖွပ်ရာတွင် မျိုးဗီဇလွှာ (germ) အားလုံးနီးပါး၊ ဖွဲနုလွှာအားလုံးဖြစ်သော အပြင်ဖွဲနုလွှာ၊ အတွင်းဖွဲနုလွှာနှင့် အစေ့တွင်းစာ (endosperm) အစိတ်အပိုင်းတချို့ပါ ဖယ်ရှားထားသည့်အထိ ကြိတ်ဖွပ်ခြင်းဖြစ်သည်။

**ကောင်းမွန်စွာကြိတ်ဖွပ်ထားသောဆန်**

၂၉။ ကောင်းမွန်စွာ ကြိတ်ဖွပ်ထားသောဆန်သည် ဆန်လုံးညို (လုံးတီးဆန်) ကို ဆန်သားအဖြစ် ကြိတ်ဖွပ်ရာတွင် မျိုးဗီဇလွှာ (germ) အချို့အပြင် ဖွဲနုလွှာအားလုံးနှင့် အတွင်းဖွဲနုလွှာ အားလုံးနီးပါးကို ဖယ်ရှားထားသည့်အထိ ကြိတ်ဖွပ်ခြင်းဖြစ်သည်။

**သင့်တင့်စွာကြိတ်ဖွပ်ထားသောဆန်**

၃၀။ သင့်တင့်စွာကြိတ်ဖွပ်ထားသောဆန်သည် ဆန်လုံးညို (လုံးတီးဆန်)ကို ဆန်သားအဖြစ် ကြိတ်ဖွပ်ရာတွင် ဖွဲနု၊ ဆန် မျိုးဗီဇလွှာ(germ) ၏ အဓိကအစိတ်အပိုင်းနှင့် အောက်ခြေပိုင်းတို့၏ အပြင်ပိုင်းနှင့် အတွင်းပိုင်းအလွှာများအား အတော်အသင့် ဖယ်ရှားထားသည့်အထိ ကြိတ်ဖွပ်ခြင်း ဖြစ်သည်။ သို့သော် ကောင်းမွန်စွာကြိတ်ဖွပ်ထားသော ဆန်ထက် အဆင့်နိမ့်သည့် ဆန်ဖြစ်သည်။

**သာမန်မျှသာ ကြိတ်ဖွပ်ထားသောဆန်**

၃၁။ သာမန်မျှသာ ကြိတ်ဖွပ်ထားသောဆန်သည် ဆန်လုံးညို(လုံးတီးဆန်)ကို ဆန်သားအဖြစ် ကြိတ်ဖွပ်ရာတွင် ဆန်၏အတွင်းလွှာထိခိုက်မှုမရှိဘဲ စပါးခွံနှင့် မျိုးဗီဇလွှာ(germ) အစိတ်အပိုင်း၏ အပြင်ဘက်ကျသည့် အလွှာအချို့ ဖယ်ရှားထားသည့်အထိ ကြိတ်ဖွပ်ခြင်းဖြစ်သည်။

**အခန်း (၄)**

**ဆန်ကွဲ၏ အဆင့်အုပ်စုများခွဲခြားခြင်း**

၃၂။ ဆန်ကွဲ၏ အဆင့်ကို အောက်ပါအချက် ၃ ချက်အပေါ် ကနဦး အခြေခံ၍ ခွဲခြားသတ်မှတ်သည်–

(က) ကြိတ်ဖွပ်စဉ်ထွက်ရှိမှု

(ခ) ကြိတ်ဖွပ်မှုလုပ်ငန်းအဆင့်ဆင့် ပြုလုပ်ရာမှ ထွက်ရှိမှု [ဥပမာ ဆန်လုံးညို (လုံးတီးဆန်)၊ ဆန်ဖြူ၊ ပေါင်းဆန်စသည်တို့ကို ပြန်လည်ကြိတ်ဖွပ်မှု]၊

(ဂ) ပေါင်းစပ်ပါဝင်မှု (ဥပမာ ဆန်ကွဲတွင် ပါဝင်သည့် ကွဲပြားခြားနားသည့် ဆန်ကွဲအရွယ်အစားများ အချိုးကျ ပါဝင်မှု၊ မျိုးတူဆန်၏ ဆန်ကွဲများ အချိုးကျပါဝင်မှု)။

၃၃။ ဆန်ကွဲအမျိုးအစားအလိုက်ပါဝင်သော ဆန်ကွဲ၏ အရွယ်အစားများကို အောက်ပါအတိုင်း သတ်မှတ်သည်-

(က) ဆန်ကွဲကြီး - ဆန်ကွဲအမှတ် ၁ ထက်ကြီးသောဆန်ကွဲ။

( ခ ) ဆန်ကွဲအမှတ် (၁) - ဆန်ခါနံပါတ် ၈ ၁/၂ (၂.၃ မီလီမီတာ) မှ ကျလာပြီး ဆန်ခါနံပါတ် ၈ (၂.၁၆ မီလီမီတာ) တွင် တင်ကျန်သော ဆန်ကွဲ။

( ဂ ) ဆန်ကွဲအမှတ် (၂) - ဆန်ခါနံပါတ် ၈ (၂.၁၆ မီလီမီတာ) မှ ကျလာပြီး ဆန်ခါနံပါတ် ၇ (၁.၇၅ မီလီမီတာ)တွင် တင်ကျန်သော ဆန်ကွဲ။

(ဃ) ဆန်ကွဲအမှတ် (၃) - ဆန်ခါနံပါတ် ၇ (၁.၇၅ မီလီမီတာ) မှ ကျလာပြီး ဆန်ခါနံပါတ် ၆ ၁/၂ (၁.၅၇ မီလီမီတာ) တွင် တင်ကျန်သော ဆန်ကွဲ။

( င ) ဆန်ကွဲအမှတ် (၄) - ဆန်ခါနံပါတ် ၆ ၁/၂ (၁.၅၇ မီလီမီတာ) မှ ကျလာပြီး ဆန်ခါနံပါတ် ၆ (၁.၄ မီလီမီတာ) တွင် တင်ကျန်သော ဆန်ကွဲ။

( စ ) ဆန်ကွဲအမှတ် (၅ နှင့် ၆) - ဆန်ကွဲမှုန့်ထက်ကြီးပြီး ၁.၄ မီလီမီတာထက် ငယ်သော ဆန်ကွဲ။

(ဆ) ဆန်ကွဲမှုန့် - ဆန်စေ့၏ လွန်စွာသေးငယ်သော ဆန်ကွဲအမှုန့်အပိုင်းအစများ။

၃၄။ ဆန်ခါပေါက်များ၏ အတိုင်းအတာများမှာ အောက်ပါအတိုင်းဖြစ်သည်-

| ဆန်ခါနံပါတ် | ဆန်ခါပေါက်၏ အချင်း |
|---|---|
| ၈ ၁/၂ | ၂.၃ မီလီမီတာ |
| ၈ | ၂.၁၆ မီလီမီတာ |
| ၇ | ၁.၇၅ မီလီမီတာ |
| ၆ ၁/၂ | ၁.၅၇ မီလီမီတာ |
| ၆ | ၁.၄ မီလီမီတာ |
| ၅ | ၁.၀၉ မီလီမီတာ |

ဆန်ခါနံပါတ် ၈ ၁/၂ ဆန်ကွဲကြီး

ဆန်ခါနံပါတ် ၈ ဆန်ကွဲအမှတ်(၁)

ဆန်ခါနံပါတ် ၇ ဆန်ကွဲအမှတ်(၂)

ဆန်ခါနံပါတ် ၆ ၁/၂ ဆန်ကွဲအမှတ်(၃)

ဆန်ခါနံပါတ် ၆ ဆန်ကွဲအမှတ်(၄)

ဆန်ကွဲအမှတ် (၅) နှင့် (၆)

ဆန်ကွဲမှုန့်

## အခန်း (၅)

## ထုပ်ပိုးခြင်း၊ ညစ်ညမ်းပစ္စည်းပါဝင်မှုနှင့် ကျန်းမာသန့်ရှင်းမှုဆိုင်ရာသတ်မှတ်ခြင်း

### ထုပ်ပိုးခြင်း

၃၅။ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ထုပ်ပိုးရာတွင် အောက်ပါအချက်များနှင့်အညီ ထုပ်ပိုးရမည်-

(က) ထုပ်ပိုးရာတွင် အသုံးပြုမည့်ပစ္စည်းများသည် သန့်ရှင်းမှု၊ အာဟာရပါဝင်မှု၊ သီးနှံ၏ မူလအရောင် အဆင်းအနံ့ အရသာရှိမှု၊ အရည်အသွေး ကောင်းမွန်မှု၊ နည်းပညာနှင့် အစားအစာ၏ မူလ အရည်အသွေးများကို ကာကွယ်ထိန်းသိမ်းနိုင်မှု ရှိရမည်။

( ခ ) ထုပ်ပိုးပစ္စည်းအပါအဝင် ထည့်သွင်းမည့် ကုန်သေတ္တာများသည် အနံ့ဆိုးနှင့် အဆိပ်အတောက်များ သို့မဟုတ် မလိုလားအပ်သော အနံ့ အရသာများ ကုန်ပစ္စည်း အပေါ်သို့ အကျိုးသက်ရောက်မှုမရှိစေရန် လုံခြုံမှု ရှိရမည်။

( ဂ ) ထုပ်ပိုးရာတွင်အသုံးပြုသည့် အိတ်များသန့်ရှင်းရမည်။ ကြံ့ခိုင်ရမည်။ သေသပ်စွာ ချုပ်လုပ်၍ အလုံပိတ်နိုင်ရမည်။

၃၆။ ညစ်ညမ်းသောပစ္စည်းများပါဝင်မှုနှင့်စပ်လျဉ်း၍-

(က) **သိပ်သည်းဆမြင့်သောသတ္တုပစ္စည်းများ**

ဤအမိန့်တွင် အကျုံးဝင်သော ထုတ်ကုန်ပစ္စည်းများတွင် စားသုံးသူ အန္တရာယ်ဖြစ်စေနိုင်သော ပမာဏရှိသိပ်သည်းဆမြင့်သော သတ္တုပစ္စည်းများပါဝင်မှု ကင်းရှင်းရမည်။

( ခ ) **ပိုးသတ်ဆေးဓာတ်ကြွင်းများ**

ဆန်တွင်ပါဝင်သော ပိုးသတ်ဆေးဓာတ်ကြွင်းပမာဏသည် နိုင်ငံတကာအစားအသောက်စံချိန်စံညွှန်း ကော်မရှင် (Codex Alimentarius Commission) က ပြဋ္ဌာန်းထားသော အများဆုံး ပါဝင်ခွင့်ပြုသည့် သတ်မှတ်ချက်နှင့်အညီ ဖြစ်ရမည်။

### ကျန်းမာသန့်ရှင်းမှုဆိုင်ရာ သတ်မှတ်ချက်

၃၇။ ပြည်ပသို့တင်ပို့မည့် မြန်မာ့ဆန်နှင့် ဆန်ထွက်ပစ္စည်းများအား ထုတ်လုပ်ခြင်း၊ ကိုင်တွယ်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းများဆောင်ရွက်ရာတွင် နိုင်ငံတကာ အစားအသောက် စံချိန်စံညွှန်းကော်မရှင် (Codex Alimentarius Commission) က ထုတ်ပြန်ထားသော အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းစနစ်ဖြစ်သည့် အစား အစာသန့်ရှင်းစင်ကြယ်မှုဆိုင်ရာ အခြေခံစည်းမျဉ်း [General Principal of Food Hygiene (CAC/RCP–1–1969)] နှင့်အညီဖြစ်ရမည်။

# အခန်း (၆)

## ဆန်အဆင့်အတန်းသတ်မှတ်ခြင်းဇယား

(၁) မြန်မာ့ဆန်ဖြူ လုံးရှည်ဆန် အရည်အသွေး သတ်မှတ်ချက်ဇယား

| အဆင့်အတန်း | ဆန်အလျားသတ်မှတ်ချက် – လုံးရှည်ဆန် – ဆန်ပျမ်းမျှအလျား (မီလီမီတာ) – အထူး | သာမန် | ဆန်စေ့ အလျားအနံအချိုးအစား (အလျား /အနံ) | ဆန်ပါဝင်မှု (%) – ဆန်လုံးပြည့် (အနည်းဆုံး) | ဆန်သား | ဆန်ကွဲ (အများဆုံး) | ဆန်ကွဲမွှန် (အများဆုံး) | ဆန်ကွဲအရွယ်အစား (ဆန်ပျမ်းမျှအလျား၏ %) | တစ်ကီလိုပါ စပါးလုံးစေ့ | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ (% အများဆုံး) – ဆန်ဝါ | ဆန်ပျက် | ဆန်နှင့်မသက်ဆိုင်သော ပစ္စည်းများ | မျိုးကွဲဆန်စေ့များ | အနီစင်းကြောင်းပါသော ဆန် | မြေဖြူရောင်ဆန်စေ့ | ဆန်ကြိတ်ဖွပ်ခြင်း အတိုင်းအတာ | အစိုဓာတ် (% အများဆုံး) – အချိန်ကာလ – အောက်တိုဘာ - ဧပြီ | မေ - စက်တင်ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) | (၁၉) |
| ၁၀၀% | >၆.၅ | >၆.၀,≤၆.၅ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၆၀ | | ၄ | ၀.၃ | >၅၀,≤၈၀ | ၃ | ၀.၃ | ၁ | ၀.၁ | ၃ | ၂ | ၄ | ပိုမိုကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၅% (က) | >၆.၅ | >၆.၀,≤၆.၅ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၅၅ | | ၅ | ၀.၅ | >၃၃,≤၇၅ | ၃ | ၀.၅ | ၂ | ၀.၂၅ | ၃ | ၂ | ၅ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၅% (ခ) | >၆.၅ | >၆.၀,≤၆.၅ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၅၅ | | ၅ | ၀.၅ | >၂၅,≤၆၆ | ၅ | ၀.၅ | ၂ | ၀.၃ | ၃ | ၂ | ၆ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၀%(က) | >၆.၅ | >၆.၀,≤၆.၅ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၅၀ | | ၁၀ | ၀.၇ | >၃၃,≤၇၅ | ၃ | ၀.၅ | ၂ | ၀.၃ | ၃ | ၃ | ၃ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၀%(ခ) | >၆.၅ | >၆.၀,≤၆.၅ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၅၀ | | ၁၀ | ၀.၇ | >၂၅,≤၆၆ | ၅ | ၀.၅ | ၂ | ၀.၅ | ၅ | ၃ | ၆ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၅%(က) | >၆.၅ | >၆.၀,≤၆.၅ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၅၀ | | ၁၅ | ၁ | >၃၃,≤၇၅ | ၃ | ၁.၀ | ၂ | ၀.၅ | ၃ | ၃ | ၅ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၅%(ခ) | >၆.၅ | >၆.၀,≤၆.၅ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၅၀ | | ၁၅ | ၁ | >၂၅,≤၆၆ | ၅ | ၁.၀ | ၃ | ၀.၅ | ၅ | ၃ | ၆ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၂၅%(က) | >၆.၅ | >၆.၀,≤၆.၅ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၄၀ | | ၂၅ | ၁ | >၃၃,≤၇၅ | ၁၀ | ၁.၀ | ၃ | ၀.၅ | ၃ | ၃ | ၆ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၂၅%(ခ) | >၆.၅ | >၆.၀,≤၆.၅ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၄၀ | | ၂၅ | ၁.၅ | >၂၅,≤၆၆ | ၁၀ | ၁.၀ | ၃ | ၀.၅ | ၅ | ၃ | ၆ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၂၅%(ဂ) | >၆.၅ | >၆.၀,≤၆.၅ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၇၅ | | ၂၅ | ၂ | >၂၅,≤၆၀ | ၃၅ | ၁.၅ | ၃ | ၁ | - | ၃ | ၈ | သင့်ဘင့်စွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |

မှတ်ချက်။ စာတိုင် ၆ (ဆန်သားပါဝင်မှု ) သည် စာတိုင် ၅၊ ၇ နှင့် ၈ တို့ပြောင်းလဲမှုအရ အပြောင်းအလဲရှိနိုင်သည်။

(၂) မြန်မာ့ဆန်ဖြူ လုံးလတ်ဆန် အရည်အသွေးသတ်မှတ်ချက်ဇယား

| အဆင့်အတန်း | ဆန်အလျားသတ်မှတ်ချက် | | ဆန်ပါဝင်မှု (%) | | | | ဆန်ကွဲအရွယ်အစား (ဆန်ပျမ်းမျှအလျား၏ %) | တစ်ကီလိုပါ စပါးလုံးရေ | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ (% အများဆုံး) | | | | | | ဆန်ကြိတ်ဖွပ်ခြင်း အတိုင်းအတာ | အစိုဓာတ် (% အများဆုံး) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လုံးလတ်ဆန် | | | | | | | | | | | | | | | အချိန်ကာလ | |
| | ဆန်ပျမ်းမျှအလျား (မီလီမီတာ) | ဆန်စေ့ အလျားအနံ အချိုးအစား (အလျား /အနံ) | ဆန်လုံးပြည့် (အနည်းဆုံး) | ဆန်သား | ဆန်ကွဲ (အများဆုံး) | ဆန်ကွဲမှုန့် (အများဆုံး) | | | ဆန်ဝါ | ဆန်ပျက် | ဆန်နှင့် မသက်ဆိုင်သော ပစ္စည်းများ | မျိုးကွဲ ဆန်စေ့ များ | အနီဝင်း ကြောင်း ပါသော ဆန် | မြေဖြူ ရောင် ဆန်စေ့ | | အောက်တိုဘာ - ဧပြီ | မေ - စက်တင်ဘာ |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | ၁၁) | (၁၂) | (၁၃) | (၁၄ | (၁၅) | (၁၆) | (၁၇) | (၁၈) |
| ၁၀၀% | >၅.၂ , ≤၆.၀ | <၃ | ၆၀ | | ၄ | ၀.၃ | >၅၀,≤၈၀ | ၃ | ၀.၃ | ၁ | ၀.၁ | ၃ | ၂ | ၄ | ပိုမိုကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၅% (က) | >၅.၂ , ≤၆.၀ | <၃ | ၅၅ | | ၅ | ၀.၅ | >၃၃,≤၇၅ | ၃ | ၀.၅ | ၂ | ၀.၂၅ | ၃ | ၂ | ၉ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၅% (ခ) | >၅.၂ , ≤၆.၀ | <၃ | ၅၅ | | ၅ | ၀.၅ | >၂၅,≤၆၆ | ၅ | ၀.၅ | ၂ | ၀.၃ | ၃ | ၂ | ၆ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၀%(က) | >၅.၂ , ≤၆.၀ | <၃ | ၅၀ | | ၁၀ | ၀.၇ | >၃၃,≤၇၅ | ၃ | ၀.၅ | ၂ | ၀.၃ | ၃ | ၃ | ၉ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၀%(ခ) | >၅.၂ , ≤၆.၀ | <၃ | ၅၀ | | ၁၀ | ၀.၇ | >၂၅,≤၆၆ | ၅ | ၀.၅ | ၂ | ၀.၅ | ၅ | ၃ | ၆ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၅%(က) | >၅.၂ , ≤၆.၀ | <၃ | ၅၀ | | ၁၅ | ၁ | >၃၃,≤၇၅ | ၃ | ၁.၀ | ၂ | ၀.၅ | ၃ | ၃ | ၉ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၅%(ခ) | >၅.၂ , ≤၆.၀ | <၃ | ၅၀ | | ၁၅ | ၁ | >၂၅,≤၆၆ | ၅ | ၁.၀ | ၃ | ၀.၅ | ၅ | ၃ | ၆ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၂၅%(က) | >၅.၂ , ≤၆.၀ | <၃ | ၄၀ | | ၂၅ | ၁ | >၃၃,≤၇၅ | ၁၀ | ၁.၀ | ၃ | ၀.၅ | ၃ | ၃ | ၆ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၂၅%(ခ) | >၅.၂ , ≤၆.၀ | <၃ | ၄၀ | | ၂၅ | ၁.၅ | >၂၅,≤၆၆ | ၁၀ | ၁.၀ | ၃ | ၀.၅ | ၅ | ၃ | ၆ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၂၅%(ဂ) | >၅.၂ , ≤၆.၀ | <၃ | ၇၅ | | ၂၅ | ၂ | >၂၅,≤၆၀ | ၃၅ | ၁.၅ | ၃ | ၁ | - | ၃ | ၈ | သင့်တင့်စွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |

မှတ်ချက်။ စာတိုင် ၅ (ဆန်သားပါဝင်မှု) သည် စာတိုင် ၄၊ ၆ နှင့် ၇ တို့ပြောင်းလဲမှုအရ အပြောင်းအလဲရှိနိုင်သည်။

(၃) မြန်မာ့ဆန်ဖြူ လုံးတိုဆန် အရည်အသွေးသတ်မှတ်ချက်ဇယား

| အဆင့် အတန်း | ဆန်အလျားသတ်မှတ်ချက် | | ဆန်ပါဝင်မှု (%) | | | | ဆန်ကွဲ အရွယ်အစား (ဆန်ပုံမှန် အလျား၏ %) | တစ်ကီလိုပါ စပါးလုံးရေ | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ (% အများဆုံး) | | | | | | ဆန်ကြိတ်ဖွပ်ခြင်း အတိုင်းအတာ | အစိုဓာတ် (% အများဆုံး) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လုံးတိုဆန် | | | | | | | | | | | | | | | အချိန်ကာလ | |
| | ဆန်ပုံမှန် အလျား (မီလီမီတာ) | ဆန်စေ့ အလျားအနံ အချိုးအစား (အလျား/အနံ) | ဆန်လုံးပြည့် (အနည်းဆုံး) | ဆန်သား | ဆန်ကွဲ (အများဆုံး) | ဆန်ကွဲမှုန့် (အများဆုံး) | | | ဆန်ဝါ | ဆန်ပျက် | ဆန်နှင့် မသက်ဆိုင်သော ပစ္စည်းများ | မျိုးကွဲ ဆန်စေ့ များ | အနီစင်း ကြောင်း ပါသော ဆန် | မြေဖြူ ရောင် ဆန်စေ့ | | အောက် တိုဘာ-မေ | ဇွန် - စက်တင် ဘာ |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) |
| ၁၀၀% | ≤၅.၂ | <၂ | ၆၀ | | ၄ | ၀.၃ | >၅၀,≤၈၀ | ၃ | ၀.၃ | ၁ | ၀.၁ | ၃ | ၂ | ၄ | ပိုမိုကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၅% (က) | ≤၅.၂ | <၂ | ၅၅ | | ၅ | ၀.၅ | >၃၃,≤၇၅ | ၃ | ၀.၅ | ၂ | ၀.၂၅ | ၃ | ၂ | ၅ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၅% (ခ) | ≤၅.၂ | <၂ | ၅၅ | | ၅ | ၀.၅ | >၂၅,≤၆၆ | ၅ | ၀.၅ | ၂ | ၀.၃ | ၃ | ၂ | ၆ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၀%(က) | ≤၅.၂ | <၂ | ၅၀ | | ၁၀ | ၀.၇ | >၃၃,≤၇၅ | ၃ | ၀.၅ | ၂ | ၀.၃ | ၃ | ၃ | ၅ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၀%(ခ) | ≤၅.၂ | <၂ | ၅၀ | | ၁၀ | ၀.၇ | >၂၅,≤၆၆ | ၅ | ၀.၅ | ၂ | ၀.၅ | ၅ | ၃ | ၆ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၅%(က) | ≤၅.၂ | <၂ | ၅၀ | | ၁၅ | ၁ | >၃၃,≤၇၅ | ၃ | ၁.၀ | ၂ | ၀.၅ | ၃ | ၃ | ၅ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၅%(ခ) | ≤၅.၂ | <၂ | ၅၀ | | ၁၅ | ၁ | >၂၅,≤၆၆ | ၅ | ၁.၀ | ၃ | ၀.၅ | ၅ | ၃ | ၆ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၂၅%(က) | ≤၅.၂ | <၂ | ၄၀ | | ၂၅ | ၁ | >၃၃,≤၇၅ | ၁၀ | ၁.၀ | ၃ | ၀.၅ | ၃ | ၃ | ၆ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၂၅%(ခ) | ≤၅.၂ | <၂ | ၄၀ | | ၂၅ | ၁.၅ | >၂၅,≤၆၆ | ၁၀ | ၁.၀ | ၃ | ၀.၅ | ၅ | ၃ | ၆ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၂၅%(ဂ) | ≤၅.၂ | <၂ | ၇၅ | | ၂၅ | ၂ | >၂၅,≤၆၀ | ၃၅ | ၁.၅ | ၃ | ၁ | - | ၃ | ၈ | သင့်တင့်စွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |

မှတ်ချက်။ စာတိုင် ၅ (ဆန်သားပါဝင်မှု) သည် စာတိုင် ၄ ၆ နှင့် ၇ တို့ပြောင်းလဲမှုအရ အပြောင်းအလဲရှိနိုင်သည်။

(၄) မြန်မာ့ဆန်မွှေး လုံးရှည်ဆန် အရည်အသွေးသတ်မှတ်ချက်ဇယား

| အဆင့် | ဆန်အလျားသတ်မှတ်ချက် | | ဆန်ပါဝင်မှု (%) | | | | ဆန်ကွဲ အရွယ်အစား (ဆန်ပွမ်းမှု အလျား၏ %) | တစ်ကီလိုပါ စပါးလုံး ရေ | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ (% အများဆုံး) | | | | | | ဆန်ကြိတ်ဖွပ်ခြင်း အတိုင်းအတာ | အစိုဓာတ် (% အများဆုံး) အချိန်ကာလ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လုံးရှည်ဆန် | | | | | | | | | | | | | | | | |
| အတန်း | ဆန်ပွမ်းမှု အလျား (မီလီမီတာ) | ဆန်စေ့ အလျားအနံ အချိုးအစား (အလျား/အနံ) | ဆန်လုံးပြည့် (အနည်းဆုံး) | ဆန်သား | ဆန်ကွဲ (အများဆုံး) | ဆန်ကွဲမွှန် (အများဆုံး) | | | ဆန်ဝါ | ဆန်ပုပ် | ဆန်နှင့်မသက်ဆိုင်သော ပစ္စည်းများ | မျိုးကွဲဆန်စေ့များ | အနီစင်းကြောင်းပါသောဆန် | မြေဖြူရောင်ဆန်စေ့ | | အောက်တိုဘာ-ဧပြီ | မေ-စက်တင်ဘာ |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) |
| ၁၀၀% | >၆.၀ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၆၀ | | ၅ | ၀.၀၃ | >၅၀, ≤၈၀ | ၃ | ၀.၃ | ၁ | ၀.၁ | ၃ | ၂ | ၄ | ပုံမှန်ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၅% | >၆.၀ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၅၅ | | ၅ | ၀.၀၅ | >၂၅, ≤၇၅ | ၃ | ၀.၅ | ၁ | ၀.၂၅ | ၃ | ၂ | ၅ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၀% | >၆.၀ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၅၅ | | ၁၀ | ၀.၀၅ | >၂၅, ≤၆၆ | ၃ | ၀.၅ | ၂ | ၀.၃ | ၃ | ၂ | ၆ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |

မှတ်ချက်။ စာတိုင် ၅ (ဆန်သားပါဝင်မှု) သည် စာတိုင် ၄ ၆ နှင့် ၇ တို့ပြောင်းလဲမှုအရ အပြောင်းအလဲရှိနိုင်သည်။

(၅) မြန်မာ့ဆန်မွှေး လုံးလတ်ဆန် အရည်အသွေးသတ်မှတ်ချက်ဇယား

| အဆင့်အတန်း | ဆန်အလျားသတ်မှတ်ချက် | | ဆန်ပါဝင်မှု (%) | | | | ဆန်ကွဲအရွယ်အစား (ဆန်ပျမ်းမျှအလျား၏ %) | တစ်ကီလိုပါ စပါးလုံးစေ့ | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ (% အများဆုံး) | | | | | | ဆန်ကြိတ်ဖွပ်ခြင်း အတိုင်းအတာ | အစိုဓာတ် (% အများဆုံး) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လုံးလတ်ဆန် | | | | | | | | | | | | | | | အချိန်ကာလ | |
| | ဆန်ပျမ်းမျှအလျား (မီလီမီတာ) | ဆန်စေ့အလျားအနံ အချိုးအစား (အလျား/အနံ) | ဆန်လုံးပြည့် (အနည်းဆုံး) | ဆန်သား | ဆန်ကွဲ (အများဆုံး) | ဆန်ကွဲမွှန် (အများဆုံး) | | | ဆန်ဝါ | ဆန်ပျက် | ဆန်နှင့်မသက်ဆိုင်သော ပစ္စည်းများ | မျိုးကွဲဆန်စေ့များ | အနီစင်းကြောင်းပါသော ဆန် | မြေဖြူရောင် ဆန်စေ့ | | အောက်တိုဘာ - ဧပြီ | မေ - စက်တင်ဘာ |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) |
| ၁၀၀% | >၅.၂ , ≤၆.၀ | <၃ | ၆၀ | | ၅ | ၀.၀၃ | >၅၀, ≤၈၀ | ၃ | ၀.၃ | ၁ | ၀.၁ | ၃ | ၂ | ၄ | ပိုမိုကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၅% | >၅.၂ , ≤၆.၀ | <၃ | ၅၅ | | ၅ | ၀.၀၅ | >၂၅, ≤၇၅ | ၃ | ၀.၅ | ၁ | ၀.၂၅ | ၃ | ၂ | ၅ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၀% | >၅.၂ , ≤၆.၀ | <၃ | ၅၅ | | ၁၀ | ၀.၀၅ | >၂၅, ≤၆၆ | ၃ | ၀.၅ | ၂ | ၀.၃ | ၃ | ၂ | ၆ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |

မှတ်ချက်။ စာတိုင် ၅ (ဆန်သားပါဝင်မှု) သည် စာတိုင် ၄၊ ၆ နှင့် ၇ တို့ပြောင်းလဲမှုအရ အပြောင်းအလဲရှိနိုင်သည်။

(ဖ) မြန်မာကောက်ညှင်း လုံးရှည်ဆန် ဆန်အရည်အသွေးသတ်မှတ်ချက်ဇယား

| အဆင့်အတန်း | ဆန်အလျားသတ်မှတ်ချက် – လုံးရှည်ဆန် – ဆန်ပျမ်းမျှအလျား (မီလီမီတာ) – အထူး | ဆန်အလျားသတ်မှတ်ချက် – လုံးရှည်ဆန် – ဆန်ပျမ်းမျှအလျား (မီလီမီတာ) – သာမန် | ဆန်အလျားသတ်မှတ်ချက် – လုံးရှည်ဆန် – ဆန်စေ့ အလျားအနံအချိုးအစား (အလျား /အနံ) | ဆန်ပါဝင်မှု (%) – ဆန်လုံးပြည့် (အနည်းဆုံး) | ဆန်ပါဝင်မှု (%) – ဆန်သား | ဆန်ပါဝင်မှု (%) – ဆန်ကွဲ (အများဆုံး) | ဆန်ပါဝင်မှု (%) – ဆန်ကွဲမွှန် (အများဆုံး) | ဆန်ကွဲအရွယ်အစား (ဆန်ပျမ်းမျှအလျား၏ %) | တစ်ကီလိုပါ စပါးလုံးစေ့ | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ (% အများဆုံး) – ဆန်ဝါ | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ (% အများဆုံး) – ဆန်ပျက် | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ (% အများဆုံး) – ဆန်နှင့်မသက်ဆိုင်သော ပစ္စည်းများ | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ (% အများဆုံး) – မျိုးကွဲဆန်စေ့များ | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ (% အများဆုံး) – အနီစင်းကြောင်းပါသောဆန် | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ (% အများဆုံး) – ဖြူဖျော့ရောင်ဆန်စေ့ | ဆန်ကြိတ်ဖွပ်ခြင်း အတိုင်းအတာ | အစိုဓာတ် (% အများဆုံး) – အချိန်ကာလ – အောက်တိုဘာ - မြေ | အစိုဓာတ် (% အများဆုံး) – အချိန်ကာလ – ဇွန် - စက်တင်ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) | (၁၉) |
| ၁၀၀% | >၆.၅ | >၆.၀,≤၆.၅ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၆၀ | | ၄ | ၀.၀၃ | >၅၀,≤၈၀ | ၃ | ၀.၃ | ၁ | ၀.၁ | ၃ | ၂ | ၄ | ပိုမိုကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၅% | >၆.၅ | >၆.၀,≤၆.၅ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၅၅ | | ၅ | ၀.၀၅ | >၃၃,≤၇၅ | ၃ | ၀.၅ | ၁ | ၀.၂၅ | ၃ | ၂ | ၅ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၀%(က) | >၆.၅ | >၆.၀,≤၆.၅ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၅၀ | | ၁၀ | ၀.၀၅ | >၃၃,≤၇၅ | ၃ | ၀.၅ | ၂ | ၀.၃ | ၃ | ၃ | ၅ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၀%(ခ) | >၆.၅ | >၆.၀,≤၆.၅ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၅၀ | | ၁၀ | ၀.၀၇ | >၂၅,≤၆၆ | ၅ | ၀.၅ | ၂ | ၀.၅ | ၃ | ၃ | မရှိ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |

မှတ်ချက်။ စာတိုင် ၆ (ဆန်သားပါဝင်မှု) သည် စာတိုင် ၅၊ ၇ နှင့် ၈ တို့ပြောင်းလဲမှုအရ အပြောင်းအလဲရှိနိုင်သည်။

(၇) မြန်မာကောက်ညှင်း လုံးလတ်ဆန် ဆန်အရည်အသွေးသတ်မှတ်ချက်ဇယား

| အဆင့် အတန်း | ဆန်အလျားသတ်မှတ်ချက် - လုံးလတ်ဆန် - ဆန်ပျမ်းမျှ အလျား (မီလီမီတာ) | ဆန်ရော အလျားအနံ အချိုးအစား (အလျား/အနံ) | ဆန်ပါဝင်မှု (%) - ဆန်လုံးပြည့် (အနည်းဆုံး) | ဆန်သား | ဆန်ကွဲ (အများဆုံး) | ဆန်ကွဲမွှန် (အများဆုံး) | ဆန်ကွဲ အရွယ်အစား (ဆန်ပျမ်းမျှ အလျား၏ %) | တစ်ကီလို ပါ စပါးလုံး ရေ | ချောနောခြင်း ခွင့်ပြုသည့်ပမာဏ (% အများဆုံး) - ဆန်ဂါ | ဆန်ပျက် | ဆန်နှင့် မသက်ဆိုင် သော ပစ္စည်းများ | မျိုးကွဲ ဆန်ရော များ | အနီစင်း ကြောင်း ပါသော ဆန် | မြေဖြူ ရောင် ဆန်ရော | ဆန်ကြိတ်ဖွပ်ခြင်း အတိုင်းအတာ | အစိုဓာတ် (% အများဆုံး) - အချိန်ကာလ - အောက်တိုဘာ - ဧပြီ | မေ - စက်တင်ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) |
| ၁၀၀% | >၅.၂, ≤၆.၀ | <၃ | ၆၀ | | ၄ | ၀.၀၃ | >၅၀,≤၈၀ | ၃ | ၀.၃ | ၁ | ၀.၁ | ၃ | ၂ | ၄ | ပိုဒ်ကြောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၅% | >၅.၂, ≤၆.၀ | <၃ | ၅၅ | | ၅ | ၀.၀၅ | >၃၃,≤၇၅ | ၃ | ၀.၅ | ၁ | ၀.၂၅ | ၃ | ၂ | ၅ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၀%(က) | >၅.၂, ≤၆.၀ | <၃ | ၅၀ | | ၁၀ | ၀.၀၅ | >၃၃,≤၇၅ | ၃ | ၀.၅ | ၂ | ၀.၃ | ၃ | ၃ | ၅ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၀%(ခ) | >၅.၂, ≤၆.၀ | <၃ | ၅၀ | | ၁၀ | ၀.၀၇ | >၂၅,≤၆၆ | ၅ | ၀.၅ | ၂ | ၀.၅ | ၃ | ၃ | မရှိ | ကောင်းစွာ ကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |

(၈) မြန်မာဆန်လုံးညို လုံးရှည်ဆန် အရည်အသွေးသတ်မှတ်ချက်ဇယား

| အဆင့်အတန်း | ဆန်အလျားသတ်မှတ်ချက် | | | ဆန်ပါဝင်မှု (%) | | | | ဆန်ကွဲ အရွယ်အစား (ဆန်ပျမ်းမျှ အလျား၏ %) | တစ်ကီလိုပါ စပါးလုံးရေ | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ (% အများဆုံး) | | | | | | ဆန်သားရရှိမှုပမာဏ (% အနည်းဆုံး) | ဖွဲနုဖယ်ရှားမှု (% အများဆုံး) | အစိုဓာတ် (% အများဆုံး) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လုံးရှည်ဆန် | | | | | | | | | | | | | | | | | |
| | ဆန်ပျမ်းမျှအလျား (မီလီမီတာ) | | ဆန်စေ့ အလျားအနံအချိုးအစား (အလျား/အနံ) | ဆန်လုံးပြည့် (အနည်းဆုံး) | ဆန်သား | ဆန်ကွဲ (အများဆုံး) | ဆန်ကွဲမွှန် (အများဆုံး) | | | ဆန်ဝါ | ဆန်ပျက် | ဆန်နှင့်မသက်ဆိုင်သော ပစ္စည်းများ | မျိုးကွဲဆန်စေ့များ | အနီစင်းကြောင်းပါသောဆန် | မြေဖြူရောင်ဆန်စေ့ | | | |
| | အထူး | သာမန် | | | | | | | | | | | | | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) | (၁၉) |
| ၁၀၀% | >၆.၇ | >၆.၂,≤၆.၇ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၈၀ | | ၄ | ၁ | >၃၃,≤၇၅ | ၄၅ | ၁ | ၆ | ၁ | ၃ | ၁.၅ | ၆ | ၆၀ | ၁၂ | ၁၄.၅ |
| ၅% | >၆.၇ | >၆.၂,≤၆.၇ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၇၅ | | ၇ | ၂ | >၂၅,≤၇၅ | ၅၀ | ၁ | ၆ | ၁ | ၃ | ၃ | ၆ | ၆၀ | ၁၂ | ၁၄.၅ |
| ၁၀% | >၆.၇ | >၆.၂,≤၆.၇ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၇၀ | | ၁၂ | ၂ | >၂၅,≤၇၅ | ၆၀ | ၁.၅ | ၇ | ၂ | ၄ | ၄ | ၇ | ၅၅ | ၁၂ | ၁၄.၅ |
| ၁၅% | >၆.၇ | >၆.၂,≤၆.၇ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၆၅ | | ၁၇ | ၃ | >၂၅,≤၆၆ | ၇၀ | ၂ | ၈ | ၂ | ၅ | ၆ | ၈ | ၅၀ | ၁၂ | ၁၄.၅ |

မှတ်ချက်။ စာတိုင် ၆ (ဆန်သားပါဝင်မှု ) သည် စာတိုင် ၅၊ ၇ နှင့် ၈ တို့ပြောင်းလဲမှုအရ အပြောင်းအလဲရှိနိုင်သည်။

(၉) မြန်မာ့ဆန်လုံးညို လုံးလတ်ဆန် အရည်အသွေးသတ်မှတ်ချက်

| အဆင့်အတန်း | ဆန်အလျားသတ်မှတ်ချက် (လုံးလတ်ဆန်) ဆန်ပျမ်းမျှအလျား (မီလီမီတာ) | ဆန်စေ့အလျားအနံ အချိုးအစား (အလျား/အနံ) | ဆန်ပါဝင်မှု (%) ဆန်လုံးပြည့် (အနည်းဆုံး) | ဆန်သား | ဆန်ကွဲ (အများဆုံး) | ဆန်ကွဲမွှန် (အများဆုံး) | ဆန်ကွဲအရွယ်အစား (ဆန်ပျမ်းမျှအလျား၏ %) | တစ်ကီလိုပါ စပါးလုံးစေ့ | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ (% အများဆုံး) ဆန်ဝါ | ဆန်ပျက် | ဆန်နှင့်မသက်ဆိုင်သော ပစ္စည်းများ | မျိုးကွဲဆန်စေ့များ | အနီစင်းကြောင်းပါသောဆန် | မြေဖြူရောင်ဆန်စေ့ | ဆန်သားရရှိမှုပမာဏ (% အနည်းဆုံး) | ဖွဲနုဖယ်ရှားမှု (% အများဆုံး) | အစိုဓာတ် (% အများဆုံး) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) |
| ၁၀၀% | >၅.၄ , ≤၆.၂ | <၃ | ၈၀ | | ၄ | ၁ | >၃၃,≤၇၅ | ၄၅ | ၁ | ၆ | ၁ | ၃ | ၁.၅ | ၆ | ၆၀ | ၁၂ | ၁၄.၅ |
| ၅% | >၅.၄ , ≤၆.၂ | <၃ | ၇၅ | | ၇ | ၂ | >၂၅,≤၇၅ | ၅၀ | ၁ | ၆ | ၁ | ၃ | ၃ | ၆ | ၆၀ | ၁၂ | ၁၄.၅ |
| ၁၀% | >၅.၄ , ≤၆.၂ | <၃ | ၇၀ | | ၁၂ | ၂ | >၂၅,≤၇၅ | ၆၀ | ၁.၅ | ၇ | ၂ | ၄ | ၄ | ၇ | ၅၅ | ၁၂ | ၁၄.၅ |
| ၁၅% | >၅.၄ , ≤၆.၂ | <၃ | ၆၅ | | ၁၇ | ၃ | >၂၅,≤၆၆ | ၇၀ | ၂ | ၈ | ၂ | ၅ | ၆ | ၈ | ၅၀ | ၁၂ | ၁၄.၅ |

မှတ်ချက်။ စာတိုင် ၅ (ဆန်သားပါဝင်မှု) သည် စာတိုင် ၄၊ ၆ နှင့် ၇ တို့ပြောင်းလဲမှုအရ အပြောင်းအလဲရှိနိုင်သည်။

(၁၀) မြန်မာ့ဆန်လုံးညို လုံးတိုဆန် အရည်အသွေးသတ်မှတ်ချက်ဇယား

| အဆင့်အတန်း | ဆန်အလျားသတ်မှတ်ချက် လုံးတိုဆန် ဆန်ပွမ်းမှု အလျား (မီလီမီတာ) | ဆန်စေ့ အလျားအနံ အချိုးအစား (အလျား/အနံ) | ဆန်ပါဝင်မှု (%) ဆန်လုံးပြည့် (အနည်းဆုံး) | ဆန်သား | ဆန်ကွဲ (အများဆုံး) | ဆန်ကွဲမွှန် (အများဆုံး) | ဆန်ကွဲ အရွယ်အစား (ဆန်ပွမ်းမှု အလျား၏ %) | တစ်ကီလိုပါ စပါးလုံးစေ့ | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ (% အများဆုံး) ဆန်ဝါ | ဆန်ပျက် | ဆန်နှင့် မသက်ဆိုင်သော ပစ္စည်းများ | မျိုးကွဲ ဆန်စေ့များ | အနီစင်း ကြောင်းပါသော ဆန် | မြေဖြူချောင် ဆန်စေ့ | ဆန်သား ရှိမှု ပမာဏ (% အနည်းဆုံး) | ဖွဲနု ဖယ်ရှားမှု (% အများဆုံး) | အစိုဓာတ် (% အများဆုံး) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) |
| ၁၀၀% | ≤၅.၄ | <၂ | ၈၀ | | ၄ | ၁ | >၃၃,≤၇၅ | ၅၅ | ၁ | ၆ | ၁ | ၃ | ၁.၅ | ၆ | ၆၀ | ၁၂ | ၁၄.၅ |
| ၅% | ≤၅.၄ | <၂ | ၇၅ | | ၇ | ၂ | >၂၅,≤၇၅ | ၅၀ | ၁ | ၆ | ၁ | ၃ | ၃ | ၆ | ၆၀ | ၁၂ | ၁၄.၅ |
| ၁၀% | ≤၅.၄ | <၂ | ၇၀ | | ၁၂ | ၂ | >၂၅,≤၇၅ | ၆၀ | ၁.၅ | ၇ | ၂ | ၄ | ၄ | ၇ | ၅၅ | ၁၂ | ၁၄.၅ |
| ၁၅% | ≤၅.၄ | <၂ | ၆၅ | | ၁၇ | ၃ | >၂၅,≤၆၆ | ၇၀ | ၂ | ၈ | ၂ | ၅ | ၆ | ၈ | ၅၀ | ၁၂ | ၁၄.၅ |

မှတ်ချက်။ စာတိုင် ၅ (ဆန်သားပါဝင်မှု) သည် စာတိုင် ၄၊ ၆ နှင့် ၇ တို့ပြောင်းလဲမှုအရ အပြောင်းအလဲရှိနိုင်သည်။

(၁၁) မြန်မာ့ပေါင်းဆန် လုံးရှည်ဆန် အရည်အသွေးသတ်မှတ်ချက်ဇယား

| အဆင့် အတန်း | ဆန်အလျားသတ်မှတ်ချက် | | | ဆန်ပါဝင်မှု (%) | | | ဆန်ကွဲ အရှယ် အစား (ဆန်ပျမ်းမျှ အလျား၏ %) | တစ်ကီလို ပါ စပါးလုံးရေ | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ ( % အများဆုံး ) | | | | | | | | | ဆန်ကြိတ်ဖွပ်ခြင်း အတိုင်းအတာ | အစိုဓာတ် (% အများဆုံး ) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လုံးရှည်ဆန် | | | | | | | | | | | | | | | | | | အချိန်ကာလ | |
| | ဆန်ပျမ်းမျှအလျား (မီလီမီတာ) | | ဆန်စေ့ အလျားအနံအချိုးအစား (အလျား/အနံ) | ဆန်လုံး ပြည့် (အနည်းဆုံး) | ဆန် သား | ဆန်ကွဲ (အများဆုံး) | | | ဆန်ဝါ | ဆန်ပျက် | ဆန်နှင့် မသက်ဆိုင် သော ပစ္စည်းများ | မျိုးကွဲ ဆန်စေ့များ | အနီစင်း ကြောင်းပါ သောဆန် | မကျက် တကျက် ပေါင်းဆန် | ဆန်မဲ | တစ်စိတ် တစ်ပိုင်း မဲသောဆန် | အမဲစွန်း ဆန် | | အောက်တိုဘာ - ဧပြီ | မေ - စက်တင်ဘာ |
| | အထူး | သာမန် | | | | | | | | | | | | | | | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) | (၁၉) | (၂၀) | (၂၁) |
| ၅% (က) | >၆.၅ | >၆.၀,≤၆.၅ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၆၀ | | ၅ | <၇၅ | ၃ | ၀.၅ | ၂ | ၀.၅ | ၃ | ၂ | ၂.၅ | ၀.၂ | ၀.၅ | ၀.၅ | ကောင်းစွာကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၅% (ခ) | >၆.၅ | >၆.၀,≤၆.၅ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၆၀ | | ၅ | <၆၆ | ၅ | ၀.၅ | ၂ | ၀.၅ | ၃ | ၂ | ၂.၅ | ၀.၂ | ၀.၅ | ၀.၅ | ကောင်းစွာကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၀%(က) | >၆.၅ | >၆.၀,≤၆.၅ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၅၅ | | ၁၀ | <၇၅ | ၃ | ၀.၅ | ၂ | ၀.၅ | ၃ | ၃ | ၃ | ၀.၂ | ၀.၅ | ၀.၅ | ကောင်းစွာကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၀%(ခ) | >၆.၅ | >၆.၀,≤၆.၅ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၅၅ | | ၁၀ | <၆၆ | ၅ | ၀.၅ | ၂ | ၀.၅ | ၃ | ၃ | ၃ | ၀.၂ | ၀.၅ | ၀.၅ | ကောင်းစွာကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |

မှတ်ချက်။ စာတိုင် ၆ (ဆန်သားပါဝင်မှု) သည် စာတိုင် ၅ နှင့် ၇ တို့ပြောင်းလဲမှုအရ အပြောင်းအလဲရှိနိုင်သည်။

(၁၂) မြန်မာ့ပေါင်းဆန် လုံးလတ်ဆန် အရည်အသွေးသတ်မှတ်ချက်ဇယား

| အဆင့်အတန်း | ဆန်အလုံးသတ်မှတ်ချက် | | ဆန်ပါဝင်မှု (%) | | | ဆန်ကွဲအရွယ်အစား (ဆန်ပျမ်းမျှအလုံး၏ %) | တစ်ကီလိုပါ စပါးလုံးရေ | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ ( % အများဆုံး ) | | | | | | | | | ဆန်ကြိတ်ဖွပ်ခြင်း အတိုင်းအတာ | အစိုဓာတ် (% အများဆုံး ) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လုံးလတ်ဆန် | | | | | | | | | | | | | | | | | အချိန်ကာလ | |
| | ဆန်ပျမ်းမျှအလုံး (မီလီမီတာ) | ဆန်ရှေ အလုံးအနံအချိုးအစား (အလုံး /အနံ) | ဆန်လုံးပြည့် (အနည်းဆုံး) | ဆန်သား | ဆန်ကွဲ (အများဆုံး) | | | ဆန်ဝါ | ဆန်ပျက် | ဆန်နှင့်မသက်ဆိုင်သော ပစ္စည်းများ | မျိုးကွဲဆန်ရောများ | အနီစင်းကြောင်းပါသောဆန် | မကျက်တကျက် ပေါင်းဆန် | ဆန်မဲ | တစ်စိတ်တစ်ပိုင်းမဲသောဆန် | အမဲစွန်းဆန် | | အောက်တိုဘာ - ဧပြီ | မေ - စက်တင်ဘာ |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) | (၁၉) | (၂၀) |
| ၅% (က) | >၅.၂ , ≤၆.၀ | <၃ | ၆၀ | | ၅ | <၇၅ | ၃ | ၀.၅ | ၂ | ၀.၅ | ၃ | ၂ | ၂.၅ | ၀.၂ | ၀.၅ | ၀.၅ | ကောင်းစွာကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၅% (ခ) | >၅.၂ , ≤၆.၀ | <၃ | ၆၀ | | ၅ | <၆၆ | ၅ | ၀.၅ | ၂ | ၀.၅ | ၃ | ၂ | ၂.၅ | ၀.၂ | ၀.၅ | ၀.၅ | ကောင်းစွာကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၀%(က) | >၅.၂ , ≤၆.၀ | <၃ | ၅၅ | | ၁၀ | <၇၅ | ၃ | ၀.၅ | ၂ | ၀.၅ | ၃ | ၃ | ၃ | ၀.၂ | ၀.၅ | ၀.၅ | ကောင်းစွာကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |
| ၁၀%(ခ) | >၅.၂ , ≤၆.၀ | <၃ | ၅၅ | | ၁၀ | <၆၆ | ၅ | ၀.၅ | ၂ | ၀.၅ | ၃ | ၃ | ၃ | ၀.၂ | ၀.၅ | ၀.၅ | ကောင်းစွာကြိတ်ဖွပ်ထားသော | ၁၄ | ၁၄.၅ |

မှတ်ချက်။ ။ စာတိုင် ၅ (ဆန်သားပါဝင်မှု ) သည် စာတိုင် ၄ နှင့် ၆ တို့ပြောင်းလဲမှုအရ အပြောင်းအလဲရှိနိုင်သည်။

(၁၃) မြန်မာ့ပေါင်းဆန် ဆန်လုံးညို လုံးရှည်ဆန် အရည်အသွေးသတ်မှတ်ချက်ဇယား

| အဆင့် အတန်း | ဆန်အလျားသတ်မှတ်ချက် | | | ဆန်ပါဝင်မှု (%) | | | | ဆန်ကွဲ အရွယ်အစား (ဆန်ပျမ်းမျှ အလျား၏ %) | တစ်ကီလိုပါ စပါးလုံးရေ | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ (% အများဆုံး) | | | | | | ဆန်သားရရှိမှု ပမာဏ (% အနည်းဆုံး) | ပွဲနှယ်ရှားမှု (% အများဆုံး) | အစိုဓာတ် (% အများဆုံး) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လုံးရှည်ဆန် | | | | | | | | | | | | | | | | | |
| | ဆန်ပျမ်းမျှအလျား (မီလီမီတာ) | | ဆန်စေ့ အလျားအနံအချိုးအစား (အလျား/အနံ) | ဆန်လုံးပြည့် (အနည်းဆုံး) | ဆန်သား | ဆန်ကွဲ (အများဆုံး) | ဆန်ကွဲမွှန် (အများဆုံး) | | | ဆန်ဝါ | ဆန်ပျက် | ဆန်နှင့် မသက်ဆိုင်သော ပစ္စည်းများ | မျိုးကွဲ ဆန်စေ့ များ | အနီစင်း ကြောင်းပါ သောဆန် | ခဲဖြူ ကောင်းဆန် စေ့ | | | |
| | အထူး | သာမန် | | | | | | | | | | | | | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) | (၁၉) |
| ၁၀၀% | >၆.၇ | >၆.၂,≤၆.၇ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၈၅ | | ၄ | ၁ | >၃၃,≤၇၅ | ၄၀ | ၁ | ၃ | [illegible] | ၃ | ၃ | ၆ | ၈၅ | ၇ | ၁၄.၅ |
| ၅% (က) | >၆.၇ | >၆.၂,≤၆.၇ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၈၀ | | ၇ | ၂ | >၂၅,≤၇၅ | ၅၀ | ၁ | ၄ | [illegible] | ၄ | ၄ | ၆ | ၈၀ | ၇ | ၁၄.၅ |
| ၁၀%(က) | >၆.၇ | >၆.၂,≤၆.၇ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၇၅ | | ၁၂ | ၂ | >၂၅,≤၇၅ | ၆၀ | ၁.၅ | ၅ | ၂ | ၅ | ၅ | ၇ | ၈၀ | ၇ | ၁၄.၅ |
| ၁၅%(က) | >၆.၇ | >၆.၂,≤၆.၇ | (>၂ - <၃) သို့မဟုတ် (≥ ၃) | ၇၀ | | ၁၇ | ၃ | >၂၅,≤၆၆ | ၇၀ | ၂ | ၆ | ၂ | ၆ | ၆ | ၈ | ၇၅ | ၇ | ၁၄.၅ |

မှတ်ချက်။ စာတိုင် ၆ (ဆန်သားပါဝင်မှု) သည် စာတိုင် ၅ နှင့် ၇ တို့ပြောင်းလဲမှုအရ အပြောင်းအလဲရှိနိုင်သည်။

(၁၄) မြန်မာ့ပေါင်းဆန် ဆန်လုံးညို လုံးလတ်ဆန် အရည်အသွေးသတ်မှတ်ချက်ဇယား

| အဆင့်အတန်း | ဆန်အလျားသတ်မှတ်ချက် (လုံးလတ်ဆန်) | | ဆန်ပါဝင်မှု (%) | | | | ဆန်ကွဲအရွယ်အစား (ဆန်ပျမ်းမျှအလျား၏ %) | တစ်ကီလိုပါ စပါးလုံးရေ | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ (% အများဆုံး) | | | | | | ဆန်သား ရရှိမှု ပမာဏ (% အနည်းဆုံး) | ဖွဲနှငယ်ရှားမှု (% အများဆုံး) | အစိုဓာတ် (% အများဆုံး) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဆန်ပျမ်းမျှအလျား (မီလီမီတာ) | ဆန်ရေ အလျားအနံ အချိုးအစား (အလျား /အနံ) | ဆန်လုံးပြည့် (အနည်းဆုံး) | ဆန်သား | ဆန်ကွဲ (အများဆုံး) | ဆန်ကွဲမွှန် (အများဆုံး) | | | ဆန်ဝါ | ဆန်ပျက် | ဆန်နှင့်မသက်ဆိုင်သော ပစ္စည်းများ | မျိုးကွဲဆန်ရောများ | အနီစင်းကြောင်းပါသောဆန် | ဖြူဖြူချောင်ဆန်ရော | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) |
| ၁၀၀% | >၅.၄ , ≤၆.၂ | <၃ | ၈၅ | | ၄ | ၁ | >၃၃,≤၇၅ | ၄၀ | ၁ | ၃ | ၁ | ၃ | ၃ | ၆ | ၈၅ | ၇ | ၁၄.၅ |
| ၅% | >၅.၄ , ≤၆.၂ | <၃ | ၈၀ | | ၇ | ၂ | >၂၅,≤၇၅ | ၅၀ | ၁ | ၄ | ၁ | ၄ | ၄ | ၆ | ၈၀ | ၇ | ၁၄.၅ |
| ၁၀% | >၅.၄ , ≤၆.၂ | <၃ | ၇၅ | | ၁၂ | ၂ | >၂၅,≤၇၅ | ၆၀ | ၁.၅ | ၅ | ၂ | ၅ | ၅ | ၇ | ၈၀ | ၇ | ၁၄.၅ |
| ၁၅% | >၅.၄ , ≤၆.၂ | <၃ | ၇၀ | | ၁၇ | ၃ | >၂၅,≤၆၆ | ၇၀ | ၂ | ၆ | ၂ | ၆ | ၆ | ၈ | ၇၅ | ၇ | ၁၄.၅ |

မှတ်ချက်။ စာတိုင် ၅ (ဆန်သားပါဝင်မှု) သည် စာတိုင် ၄ ၆ နှင့် ၇ တို့ပြောင်းလဲမှုအရ အပြောင်းအလဲရှိနိုင်သည်။

(၁၅) မြန်မာဆန်ကွဲ (က) အရည်အသွေးသတ်မှတ်ချက်ဇယား

| ၁၀၀% ဆန်ကွဲအဆင့်အတန်း | ဆန်ကွဲအရွယ်အစား အမျိုးအစားများ (မီလီမီတာ) | | | | | ဆန်ကွဲပါဝင်မှု (%) | | | | | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ (% အများဆုံး) | | | | | | ဆန်ကြိတ်ခွဲခြင်း အတိုင်းအတာ | သိုနှံရိတ်သိမ်းသည့် ရာသီ | အစိုဓာတ် (% အများဆုံး) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဆန်ကွဲကြီး | အမှတ် (၁) | အမှတ် (၂) | အမှတ် (၃) | အမှတ် (၄) | ဆန်ကွဲကြီး | အမှတ် (၁) | အမှတ် (၂) | အမှတ် (၃) | အမှတ် (၄) | အနည်းဆုံး အဆင့် | ပွိုင့်နှင့် ဖုန် | ဆန်ပျက် | ဆန်ဝါ | မြေပြုရောင်ဆန် | ဆန်နှင့်မသက်ဆိုင်သည့် အခြားပစ္စည်းများနှင့် စပါးစေ့ | | | အချိန်ကာလ: အောက်တိုဘာ - ဧပြီ | မေ - စက်တင်ဘာ |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) | (၁၉) | (၂၀) | (၂၁) |
| (A) Extra (မချေးကောက်ရသေး ) | >၂.၃ | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | ၁၀၀ | - | - | - | - | ၁၀ | ၁ | - | ၁ | - | ၀.၅ | ကောင်းစွာကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| (A) Extra (ချေးကောက်ပြီး ) | >၂.၃ | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | ၁၀၀ | - | - | - | - | ၅ | ၀.၅ | ၁ | ၁ | - | ၀.၂၅ | ကောင်းစွာကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| A Extra & A1 အရော (မချေးကောက်ရသေး ) | >၂.၃ | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | ≥၆၀ | ≤၄၀ | - | - | - | ၅ | ၁ | - | ၁ | - | ၀.၅ | ကောင်းစွာကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| A Extra & A1 အရော (ချေးကောက်ပြီး ) | >၂.၃ | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | ≥၆၀ | ≤၄၀ | - | - | - | ၅ | ၀.၅ | ၁ | ၁ | - | ၀.၂၅ | ကောင်းစွာကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| A1 (မချေးကောက်ရသေး ) | - | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | - | ၁၀၀ | - | - | - | ၁၀ | ၁၀ | - | ၂ | - | ၀.၅ | ကောင်းစွာကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| A1 (ချေးကောက်ပြီး ) | - | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | - | ၁၀၀ | - | - | - | ၅ | ၀.၅ | ၁ | ၁ | - | ၀.၂၅ | ကောင်းစွာကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| A2 (မချေးကောက်ရသေး ) | - | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | - | - | ၁၀၀ | - | - | ၁၀ | ၁ | - | ၂ | - | ၀.၅ | ကောင်းစွာကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| A2 (ချေးကောက်ပြီး ) | - | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | - | - | ၁၀၀ | - | - | ၅ | ၀.၅ | ၁ | ၁ | - | ၀.၂၅ | ကောင်းစွာကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| A1 & A2 အရော (မချေးကောက်ရသေး ) | - | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | - | ≥၅၀ | ≤၅၀ | - | - | ၅ | ၁ | - | ၂ | - | ၀.၅ | ကောင်းစွာကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| A1 & A2 အရော (ချေးကောက်ပြီး ) | - | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | - | ≥၅၀ | ≤၅၀ | - | - | ၅ | ၀.၅ | ၁ | ၁ | - | ၀.၂၅ | ကောင်းစွာကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| A2,A3 & A4 အရော (မချေးကောက်ရသေး ) | - | - | >၁.၇၅,≥၂.၁၆ | >၁.၅၇, ≥၁.၇၅ | >၁.၄၁, ≥၁.၅၇ | - | - | ≥၂၅ | ≥၅၀ | ≤၂၅ | ၅ | ၂ | - | ၂ | - | ၀.၅ | ကောင်းစွာကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |

(၁၆) မြန်မာ့ဆန်ကွဲ (ခ) အရည်အသွေးသတ်မှတ်ချက်ဇယား

| ၁၀၀ % ဆန်ကွဲအဆင့်အတန်း | ဆန်ကွဲအရွယ်အစား အမျိုးအစားများ (မီလီမီတာ) | | | | | ဆန်ကွဲပါဝင်မှု (%) | | | | | ရောနှောခြင်း ခွင့်ပြုသည့်ပမာဏ (% အများဆုံး) | | | | | | ဆန်ကြိတ်ခွဲခြင်းအတိုင်းအတာ | သီးနှံရိတ်သိမ်းသည့် ရာသီ | အစိုဓာတ် (% အများဆုံး) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဆန်ကွဲကြီး | အမှတ် (၁) | အမှတ် (၂) | အမှတ် (၃) | အမှတ် (၄) | ဆန်ကွဲကြီး | အမှတ် (၁) | အမှတ် (၂) | အမှတ် (၃) | အမှတ် (၄) | အနည်းဆုံး အဆင့် | ဖွဲနှင့် ဖုန် | ဆန်ပျက် | ဆန်ဝါ | မြေဖြူရောင်ဆန် | ဆန်နှင့်မသက်ဆိုင်သည့် အခြားပစ္စည်းများနှင့် စပါးစေ့ | | | အချိန်ကာလ | |
| | | | | | | | | | | | | | | | | | | | အောက်တိုဘာ - ဧပြီ | မေ - စက်တင်ဘာ |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) | (၁၉) | (၂၀) | (၂၁) |
| B Extra (မရွေးကောက်ရသေး ) | >၂.၃ | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | ၁၀၀ | - | - | - | - | ၁၀ | ၁ | - | ၂ | - | ၀.၅ | သင့်တင့်စွာ ကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| B Extra (ရွေးကောက်ပြီး ) | >၂.၃ | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | ၁၀၀ | - | - | - | - | ၅ | ၀.၅ | ၁ | ၁ | - | ၀.၂၅ | သင့်တင့်စွာ ကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| B Extra & B1 အရော (မရွေးကောက်ရသေး ) | >၂.၃ | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | ≥၆၀ | ≤၄၀ | - | - | - | ၅ | ၁ | - | ၂ | - | ၀.၅ | သင့်တင့်စွာ ကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| B Extra & B1 အရော (ရွေးကောက်ပြီး ) | >၂.၃ | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | ≥၆၀ | ≤၄၀ | - | - | - | ၅ | ၀.၅ | ၁ | ၁ | - | ၀.၂၅ | သင့်တင့်စွာ ကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| B1 (မရွေးကောက်ရသေး ) | - | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | - | ၁၀၀ | - | - | - | ၁၀ | ၁ | - | ၂ | - | ၀.၅ | သင့်တင့်စွာ ကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| B1 (ရွေးကောက်ပြီး ) | - | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | - | ၁၀၀ | - | - | - | ၅ | ၀.၅ | ၁ | ၁ | - | ၀.၂၅ | သင့်တင့်စွာ ကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| B2 (မရွေးကောက်ရသေး ) | - | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | - | - | ၁၀၀ | - | - | ၁၀ | ၁ | - | ၂ | - | ၀.၅ | သင့်တင့်စွာ ကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| B2 (ရွေးကောက်ပြီး ) | - | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | - | - | ၁၀၀ | - | - | ၅ | ၀.၅ | ၁ | ၁ | - | ၀.၂၅ | သင့်တင့်စွာ ကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| B1 & B2 အရော (မရွေးကောက်ရသေး ) | - | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | - | ≥၅၀ | ≤၅၀ | - | - | ၅ | ၁ | - | ၂ | - | ၀.၅ | သင့်တင့်စွာ ကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| B1 & B2 Mix (ရွေးကောက်ပြီး ) | - | >၂.၁၆,≥၂.၃ | >၁.၇၅,≥၂.၁၆ | - | - | - | ≥၅၀ | ≤၅၀ | - | - | ၅ | ၀.၅ | ၁ | ၁ | - | ၀.၂၅ | သင့်တင့်စွာ ကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |
| B2,B3 & B4 (မရွေးကောက်ရသေး ) | - | - | >၁.၇၅,≥၂.၁၆ | >၁.၅၇, ≥၁.၇၅ | >၁.၄၀ , ≥၁.၅၇ | - | - | ≥၂၅ | ≥၅၀ | ≤၂၅ | ၅ | ၁ | - | ၂ | - | ၀.၅ | သင့်တင့်စွာ ကြိတ်ခွဲထားသော | ယခုရာသီ ရိတ်သိမ်းသီးနှံ | ၁၄ | ၁၄.၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နေပြည်တော်ကောင်စီ**

**ရုံးအမိန့်အမှတ် (၅၅/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

**နေပြည်တော်ကောင်စီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ကြေညာချက်အမှတ် ၉/၂၀၂၆ အရ နေပြည်တော်ကောင်စီအား အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးကံမြင့်သန်း | ဥက္ကဋ္ဌ |
| (ခ) | ဗိုလ်မှူးကြီး ရဲမိုး | ကောင်စီဝင် |
| (ဂ) | ဦးမင်းဦး | ကောင်စီဝင် |
| (ဃ) | ဦးခင်မောင်လတ် | ကောင်စီဝင် |
| (င) | ဦးဝင်းမိုးခိုင် | ကောင်စီဝင် |
| (စ) | ဦးထွန်းထွန်း | ကောင်စီဝင် |
| (ဆ) | ဦးအောင်ဇေယျ | ကောင်စီဝင် |
| (ဇ) | ဦးတိုးဝင်း | အတွင်းရေးမှူး |

၂။ နေပြည်တော်ကောင်စီ၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်စွဲပါ အမိန့်အမှတ် ၃၀၁/၂၀၂၅ အား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ကံမြင့်သန်း

ဥက္ကဋ္ဌ

နေပြည်တော်ကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်)

**ပြည်သူ့ငွေစာရင်းနှင့် ဘဏ္ဍာရေး၊ စီမံကိန်း၊ စီးပွားရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ တို့အရ တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ငွေစာရင်းနှင့် ဘဏ္ဍာရေး၊ စီမံကိန်း၊ စီးပွားရေး ဆိုင်ရာကော်မတီကို အောက်ပါလွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဒေါ်ဇာခြည်လင်း | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးအောင်ခိုင်ဦး | မဲဆန္ဒနယ်အမှတ်(၁)၊ အလုံမြို့နယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါ်အေးအေးမြင့် | ဆိပ်ကြီးခနောင်တိုမြို့နယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဃ) | ဦးစိုးယု | ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( င ) | ဒေါ်လေးလေးမြင့် | မဲဆန္ဒနယ်အမှတ်(၆)၊ မင်္ဂလာဒုံမြို့နယ် | အဖွဲ့ဝင် |
| ( စ ) | ဦးသိန်းနိုင် | ရွှေပြည်သာမြို့နယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးကြည်စိုး | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဇ ) | ဦးအေးသိန်း | ခရမ်းမြို့နယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဈ ) | ဒေါ်ခင်သက်မာ | ကြည့်မြင်တိုင်မြို့နယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးဝင်းကျော်ဦး | မဲဆန္ဒနယ်အမှတ်(၃)၊ ဆိပ်ကြီးခနောင်တိုမြို့နယ် | အဖွဲ့ဝင် |
| ( ဋ ) | ဗိုလ်မှူး သိုက်ထွန်းဇော် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဌ ) | ဗိုလ်ကြီး ဟန်ဇော်လင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဍ ) | ဗိုလ်ကြီး ပြည့်အောင်စိုး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဎ ) | ဗိုလ်ကြီး ဒေါ်သဲနုစံ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးအောင်ကျော်မိုး | တောင်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ (ဇ) အရ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီအစည်းအဝေးများ**

၃။ ကော်မတီအစည်းအဝေးများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအတိုင်းကျင်းပရမည်-

(က) ခန့်အပ်ထားသော ကော်မတီဝင်စုစုပေါင်းဦးရေ၏ ထက်ဝက်ထက်မနည်း တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

( ခ ) အပိုဒ်ခွဲ (က) အရ တက်ရောက်ရမည့် ကော်မတီဝင်ဦးရေ မပြည့်လျှင် ပြည့်သည်အထိ ကော်မတီဥက္ကဋ္ဌက အစည်းအဝေးအချိန်ကို ရွှေ့ဆိုင်းထားနိုင်သည် သို့မဟုတ် အစည်းအဝေးကို နောက်တစ်ရက်သို့ ရွှေ့ဆိုင်းထားနိုင်သည်။

( ဂ ) ကော်မတီဥက္ကဋ္ဌသည် အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီဝင်များက မိမိတို့ထဲမှ ရွေးကောက်တင်မြှောက်သော ကော်မတီဝင်သည် အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဃ) ဆန္ဒမဲယူရာ၌ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် ဆန္ဒမဲမပေးရ။ ဆန္ဒမဲတူညီနေလျှင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် အနိုင်မဲပေးရမည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည်-

(က) တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရ ဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကိုစစ်ဆေးထားသည့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စစ်ဆေးရမည်။ ယင်းသို့စိစစ်ရာတွင် တိုင်းဒေသကြီး

ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ လျာထားရငွေများကို ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ထားခြင်း ရှိ မရှိ၊ သုံးစွဲခွင့်ပြုထားသော ငွေကြေးများကို ထိရောက်စွာအသုံးပြု မပြု၊ သတ်မှတ်ထားသော ဘဏ္ဍာရေး စည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ သုံးစွဲခြင်း ရှိ မရှိ တို့ကိုစိစစ်ရမည်။

( ခ ) တိုင်းဒေသကြီးလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခြင်း ရှိ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင်သည်။

( ဂ ) အောက်ပါအချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြရန် တာဝန်ရှိသည်-

(၁) တိုင်းဒေသကြီးလွှတ်တော်က တိုင်းဒေသကြီးအစိုးရ၏ တောင်းဆိုချက်အရကိစ္စရပ်တစ်ခုအတွက် ခွင့်ပြုထားသော သုံးငွေတစ်ရပ်ကို အခြားကိစ္စရပ်အတွက် ခေါင်းစဉ်ပြောင်း၍ သုံးသည့်ကိစ္စ၊

(၂) ခွင့်ပြုထားသည့် သုံးငွေတစ်ရပ်အတွင်း ခေါင်းစဉ်ပြောင်း၍သုံးစွဲရာ၌ ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ညီညွတ်မှုမရှိသည့်ကိစ္စ၊

(၃) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့လမ်းညွှန်သင့်သော ဘဏ္ဍာငွေသုံးစွဲပုံ နည်းလမ်းအားနည်းချက်များ၊

(၄) တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြပေးရန် ဘဏ္ဍာရေးဝန်ကြီးဌာနက တောင်းဆိုသော အသုံးစရိတ်များ။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီးပွားရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်ထုတ်လုပ်မှု၊ လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ စာရင်းများ၊ နှစ်ချုပ်စာရင်းများနှင့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ မရှိ စသည်တို့ကို စစ်ဆေးထားသည့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရမည်။

( င ) တိုင်းဒေသကြီးဝန်ကြီးချုပ်ကဖြစ်စေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ၊ တိုင်းဒေသကြီးဝန်ကြီးဌာနတစ်ခုခုကဖြစ်စေ လုပ်ငန်းတစ်ရပ်ရပ်ကို စစ်ဆေးပေးရန် ညွှန်ကြားချက်အရ စစ်ဆေးသည့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း၊ သို့လှောင်သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်းသည့် စာရင်းများကိုစစ်ဆေးသည့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း စိစစ်ရမည်။

( စ ) ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ရမည်။

(ဆ) စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့်ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်ရာတွင် ကူညီရမည်။

( ဇ ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ရမည်။

(ဈ) ဒေသန္တရစီမံကိန်းများ၊ တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များ စနစ်တကျရှိစေရေးနှင့် ပြည်သူ့အကျိုးစီးပွား ဖြစ်ထွန်းစေရေးအတွက် ညွှန်ကြားကူညီဆောင်ရွက်ရမည်။

(ည) ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၂)၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍနှင့် စီးပွားရေးကဏ္ဍပြဋ္ဌာန်းချက်များပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကူညီဆောင်ရွက်ရမည်။

၅။ ကော်မတီတွင် ဆွေးနွေးဆုံးဖြတ်ပြီးပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ နှင့်အညီ ကော်မတီ၏ အစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံသို့ အောက်ပါအတိုင်းတင်ပြရမည်–

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာမူကြမ်းကို ကော်မတီကသဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၁၁ ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

(ဃ) ကော်မတီဥက္ကဋ္ဌမရှိလျှင် သဘာပတိတာဝန်ထမ်းဆောင်သော ကော်မတီဝင်က လက်မှတ်ရေးထိုးတင်ပြနိုင်သည်။

၆။ ကော်မတီက စိစစ်ပေးရန်လိုအပ်သော ကိစ္စများနှင့်စပ်လျဉ်း၍ ကော်မတီသည်–

(က) လွှတ်တော်၏ ဆုံးဖြတ်ချက်အရ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလို စိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်အရ စိစစ်ရန်လိုအပ်သည်ဟု လွှတ်တော်ကဆုံးဖြတ်၍ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်ပြီး ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ပြန်လည်တင်ပြရမည်။

၇။ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် နှစ်ပတ်လည်အစီရင်ခံစာကို ကော်မတီသက်တမ်းတစ်နှစ်ပြည့်မည့်ကာလနှင့် အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေးသို့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြရမည်။

၈။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းသော အစီရင်ခံစာများကို လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

၉။ ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်ကဖြစ်စေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

၁၀။ ကော်မတီသည် လွှတ်တော်ကိုတာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၁၁။　ကော်မတီဝင်များသည် မိမိကော်မတီ၏ လုပ်ငန်းများကို အသေးစိတ်ဆွေးနွေးစဉ်းစားရာ၌ တိုင်းဒေသကြီး လွှတ်တော်တွင် ဆွေးနွေးစဉ်းစားသည့်နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားရမည်။ သို့ရာတွင်–

(က)　ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

( ခ )　ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီးဆွေးနွေးခွင့်ရှိသည်။

( ဂ )　ကော်မတီသည် လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာ များကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ဖိတ်ကြား၍ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများ တင်ပြစေခြင်းပြုနိုင်သည်။

(ဃ)　ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏သက်သေထွက်ဆိုချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်း များသည် ကော်မတီ၏ အလုပ်ဝတ္တရားဆောင်ရွက်ရာတွင် သက်ဆိုင်သည် မသက်ဆိုင်သည်ဟူသော ပြဿနာပေါ်ပေါက်လာပါက အဆိုပါပြဿနာကို အဆုံးအဖြတ်ပေးရန် ကော်မတီဥက္ကဋ္ဌက လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌကချမှတ်သောအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏ အကျိုးကိုဖြစ်စေ ထိခိုက်နစ်နာဖွယ်ရာရှိသည် ဟူသော အကြောင်းပြချက်ဖြင့် တိုင်းဒေသကြီးအစိုးရက စာရွက်စာတမ်း၊ မှတ်တမ်းတစ်ရပ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်သည်။

၁၂။　ကော်မတီသည် ကော်မတီလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရေးအတွက် တိုင်းဒေသကြီး အတွင်း လိုအပ်သည့်နေရာများသို့ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် သွားရောက်ကွင်းဆင်းကြည့်ရှု နိုင်သည်။ ထိုသို့ကွင်းဆင်းကြည့်ရှုပြီး လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြ ရမည်။

၁၃။　ကော်မတီသည် ကော်မတီလုပ်ငန်းများနှင့်စပ်လျဉ်း၍–

(က)　နိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

( ခ )　ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေအရ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက် များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

( ဂ )　လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးနေမှုအပေါ် ပြင်ဆင်ရန်လိုအပ်ပါက သုံးသပ်ချက်နှင့်အတူ အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

၁၄။　ကော်မတီဝင်များသည်–

(က)　ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

( ခ )　လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

( ဂ )　ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၅။ ကော်မတီဝင်များသည် ကော်မတီ၏လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ၏ အစည်းအဝေးတက်ရောက်ရန်၊ ကော်မတီရုံးစိုက်ရာနေရာတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကိုခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုခံစားခွင့်ရှိသည်။

၁၆။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းနှင့် တရားရုံးတစ်ခုခုတို့က သက်သေအဖြစ်ဆင့်ခေါ်ခံရခြင်းတို့မှ ကင်းလွတ်ခွင့် ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**ကော်မတီ၏သက်တမ်း**

၁၇။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန် ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုး နိုင်သည်။

၁၈။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏ အဖွဲ့ဝင်ဦးရေကို တိုးခြင်း၊ လျှော့ခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်း**

၁၉။ ကော်မတီအဖွဲ့ဝင်ဦးရေကို တိုးခြင်း၊ လျှော့ခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်းများအတွက် လွှတ်တော် ဥက္ကဋ္ဌသည်-

(က) လွှတ်တော်အစည်းအဝေးကျင်းပသည့်ကာလဖြစ်ပါက လွှတ်တော်၏ အတည်ပြုချက်ဖြင့် ဆောင်ရွက် နိုင်သည်။

(ခ) လွှတ်တော်အစည်းအဝေး ရပ်နားထားစဉ်ကာလဖြစ်ပါက လိုအပ်သလိုဆောင်ရွက်ပြီး အနီးကပ်ဆုံး ကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင် အတည်ပြုချက်ရယူရမည်။

ဌေးအောင်
ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက် (၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ငါးလုပ်ငန်းဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်)

၁။ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၂၃ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ကမ်းနီးငါးလုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ငါးဖမ်းကိရိယာအမျိုးအစားအလိုက် လိုင်စင်ခနှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်–

| စဉ် | အမျိုးအစား ဖော်ပြချက်နှင့် ရုံးသုံးအမည် | အခွန်နှုန်းနှင့် အထူးသတ်မှတ်ချက်များ(ရှိလျှင်) | အကျယ်ဖော်ပြသည့်အမျိုးအစား ဖော်ပြချက်နှင့် မြန်မာအခေါ်အဝေါ်များ |
|---|---|---|---|
| **အုပ်စု(က) ငါးမျှားချိတ်နှင့် ငါးဖမ်းကိရိယာများ** | | | |
| ၁ | ငါးမျှားတန်း (ရေငန်) | လူတစ်ဦးလျှင် (၂၂၅၀)ကျပ် | (၁) ငါးမျှားတန်း<br>(၂) ရေမြှုပ်တန်း<br>(၃) ရေပေါ်တန်း |
| **အုပ်စု(ခ) မျှောပိုက်နှင့် ရေပေါ်ပိုက်များ** | | | |
| ၂ | (က) မျှောပိုက် (လွှာချင်း ရေငန်) | ၄၅.၇၂ မီတာ / ပေ ၁၅၀ / အတောင် ၁၀၀ အထိ (၃၇၅၀)ကျပ်<br>နောက်ထပ် ၉၁.၄၄ မီတာ/ ပေ၃၀၀ / အတောင် ၂၀၀ ပိုတိုင်း (၃၇၅၀)ကျပ် | (၁) မျှောပိုက်<br>(၂) ငါးသလောက်ပိုက်<br>(၃) ငါးမုတ်ပိုက်<br>(၄) ကြိုဟ်တုပိုက်<br>(၅) ပိုက်ဖြူ<br>(၆) ပိုက်မင်းသား |

| စဉ် | အမျိုးအစား ဖော်ပြချက်နှင့် ရုံးသုံးအမည် | အခွန်နှုန်းနှင့် အထူးသတ်မှတ်ချက်များ(ရှိလျှင်) | အကျယ်ဖော်ပြ သည့်အမျိုးအစား ဖော်ပြချက်နှင့် မြန်မာအခေါ် အဝေါ်များ |
|---|---|---|---|
| | (ခ) မျှောပိုက် (သုံးထပ် ရေငန်) | ၄၅.၇၂ မီတာ / ပေ ၁၅၀ / အတောင်၁၀၀ အထိ (၇၅၀၀)ကျပ်<br>နောက်ထပ် ၉၁.၄၄ မီတာ/ ပေ၃၀၀ / အတောင် ၂၀၀ ပိုတိုင်း (၇၅၀၀)ကျပ် | ပုစွန်သုံးထပ်ပိုက် (ရေငန်) |
| | (ဂ) ကကူရုံပိုက် | ၄၅.၇၂ မီတာ / ပေ ၁၅၀ / အတောင် ၁၀၀ အထိ (၃၇၅၀)ကျပ်<br>နောက်ထပ် ၉၁.၄၄ မီတာ / ပေ၃၀၀ / အတောင် ၂၀၀ ပိုတိုင်း (၃၇၅၀)ကျပ် | ကကူရုံပိုက် (ကွဲရင်) |
| | (ဃ) ငါးကွမ်းရှပ် | ၄၅.၇၂ မီတာ / ပေ ၁၅၀ / အတောင်၁၀၀ (၃၇၅၀)ကျပ်<br>နောက်ထပ် ၉၁.၄၄ မီတာ/ ပေ၃၀၀/ အတောင် ၂၀၀ ပိုတိုင်း (၃၇၅၀)ကျပ် | ငါးကွမ်းရှပ် (ဘီးဇင်း) (ဘီးညို) |
| | (င) ငါးသလောက် ဝိုင်းပိုက် | ပိုက် ၂၇၄၃.၂ မီတာ / ပေ၉၀၀၀ / အတောင် ၆၀၀၀ အထိ တစ်ဝိုင်းလျှင် (၃၇၅၀၀)ကျပ်<br>၁၀၉.၇၃ မီတာ/ ပေ ၃၆၀/ အတောင် ၂၄၀ ပိုတိုင်း (၃၇၅၀)ကျပ် | ငါးသလောက် ဝိုင်းပိုက် |
| | (စ) ဝိုင်းချုပ်ပိုက် | ၃၆၅.၇၆ မီတာ/ပေ ၁၂၀၀ / အတောင် ၈၀၀ အထိ (၄၅၀၀၀)ကျပ်<br>နောက်ထပ် ၉၁.၄၄ မီတာ/ ပေ၃၀၀ / အတောင် ၂၀၀ ပိုတိုင်း (၇၅၀၀)ကျပ် | ပလာတူးဝိုင်းချုပ် ပိုက် |

| စဉ် | အမျိုးအစား ဖော်ပြချက်နှင့် ရှုံးသုံးအမည် | အခွန်နှုန်းနှင့် အထူးသတ်မှတ်ချက်များ(ရှိလျှင်) | အကျယ်ဖော်ပြ သည့်အမျိုးအစား ဖော်ပြချက်နှင့် မြန်မာအခေါ် အဝေါ်များ |
|---|---|---|---|
| | (ဆ) ဝိုင်းချုပ် ပိုက်ငယ် | ၁၈၂.၈၈ မီတာ/ ပေ ၆၀၀ / အတောင် ၄၀၀ အထိ (၂၂၅၀၀)ကျပ် နောက်ထပ် ၉၁.၄၄ မီတာ/ ပေ၃၀၀/ အတောင် ၂၀၀ ပိုတိုင်း (၇၅၀၀)ကျပ် | ငါးနီတူဝိုင်း (ကျော့ပိုက်) |
| ၃ | ကျည်ထောင်ပိုက် | ၄၅.၇၂ မီတာ/ပေ ၁၅၀ / အတောင် ၁၀၀ အထိ (၃၇၅၀)ကျပ် နောက်ထပ် ၉၁.၄၄ မီတာ/ ပေ၃၀၀/ အတောင် ၂၀၀ ပိုတိုင်း (၃၇၅၀)ကျပ် | (၁) ကျည်ထောင်ပိုက် (၂) ကျောက်ငိုပိုက် |
| **အုပ်စု(ဂ) တန်းပိုက်များ** | | | |
| ၄ | တန်းပိုက်အမျိုးမျိုး (ရေငန်) | ၄၅.၇၂ မီတာ/ ပေ ၁၅၀ / အတောင် ၁၀၀ အထိ (၃၇၅၀)ကျပ် နောက်ထပ် ၉၁.၄၄ မီတာ/ ပေ၃၀၀/ အတောင် ၂၀၀ ပိုတိုင်း (၃၇၅၀)ကျပ် | (၁) စိန်ပိုက် (၂) ကန့်လန့်ကာ |
| **အုပ်စု(ဃ) ကော်ခပ်၊ မြှုပ်ခပ်သည့် ငါးဖမ်းကိရိယာများ** | | | |
| ၅ | (က) ပေါ်ခပ် | ကင်းလွတ် | (၁) ဂေါ်ပိုက် (၂) မျှင်ပိုက်(ပွေးထိုး) |
| | (ခ) ယက်သဲ့ | ကင်းလွတ် | (၁) ယက်သဲ့ (၂) ချည်ယက်သဲ့ (၃) နိုင်လွန်ယက်သဲ့ (၄) ဆန်ခါ |
| | (ဂ) ရေခူ | စက်မဲ့လှေငယ်တစ်စီးနှင့်လူတစ်ဦးလျှင် (၃၇၅၀)ကျပ် လူတစ်ဦးထက်ပိုတိုင်း (၁၅၀၀)ကျပ် | ရေခူ |

| စဉ် | အမျိုးအစား ဖော်ပြချက်နှင့် ရုံးသုံးအမည် | အခွန်နှုန်းနှင့် အထူးသတ်မှတ်ချက်များ(ရှိလျှင်) | အကျယ်ဖော်ပြသည့်အမျိုးအစား ဖော်ပြချက်နှင့် မြန်မာအခေါ်အဝေါ်များ |
|---|---|---|---|
| | (ဃ) ရှပ်ခရင့်ပ် | စက်မဲ့လှေငယ်တစ်စီးနှင့် လူတစ်ဦးလျှင် (၁၁၂၅၀)ကျပ်<br>လူတစ်ဦးပိုတိုင်း (၄၅၀၀)ကျပ်<br>ငါးစိုခွန် ၁ တန်မှ ၂၀ ထိ(၁၃၅၀၀)ကျပ်<br>နောက်ထပ် ၁ တန်ပိုတိုင်း(၆၇၅)ကျပ်<br>လှေခွန် GT ၁ တန်မှ၂တန်ထိ(၅၄၀၀)ကျပ်<br>နောက်ထပ် ၁ တန်ပိုတိုင်း(၂၇၀၀) ကျပ် | အောက်ဆီဂျင်လေအိုး (Compressor) အသုံးပြု၍ ရှပ်ခရင့်ပ် ကောက်ခြင်းလုပ်ငန်း |
| | | စက်တပ်လှေငယ်တစ်စီးနှင့်လူတစ်ဦးလျှင် (၂၂၅၀၀)ကျပ်<br>လူတစ်ဦးပိုတိုင်း (၄၅၀၀)ကျပ်<br>ငါးစိုခွန် ၁ တန်မှ ၃၀ ထိ(၂၀၂၅၀) ကျပ်<br>နောက်ထပ် ၁ တန်ပိုတိုင်း (၆၇၅)ကျပ်<br>လှေခွန် GT ၁ တန်မှ ၅ တန်ထိ (၁၃၅၀၀)ကျပ် | |
| **အုပ်စု(င) ချုပ်ပိုက်နှင့် ပိုက်အိတ်များ** | | | |
| ၆ | (က)တိုင်ထောင်မျှင် | ကင်းလွတ် | တိုင်ထောင်မျှင် |
| | ( ခ ) ပိုက်ခမင်း | ကင်းလွတ် | ပိုက်ခမင်း |
| | ( ဂ ) ပိုက်စိမ်း | ကင်းလွတ် | ပိုက်စိမ်း |
| ၇ | ပိုက်ကဏန်း | လှေတစ်စီးပိုက် ၁၀၉.၇၃မီတာ/ ပေ ၃၆၀ / အတောင် ၂၄၀ (၁၁၂၅၀)ကျပ် | (၁) ဂါးဖောင်<br>(၂) မျှင်ဖောင် |

| စဉ် | အမျိုးအစား ဖော်ပြချက်နှင့် ရုံးသုံးအမည် | အခွန်နှုန်းနှင့် အထူးသတ်မှတ်ချက်များ(ရှိလျှင်) | အကျယ်ဖော်ပြသည့်အမျိုးအစား ဖော်ပြချက်နှင့် မြန်မာအခေါ် အဝေါ်များ |
|---|---|---|---|
| ၈ | (က) ကျားပါးစပ် (ရေငန်) | ခေါင်းကြိုး – ၉.၁၄ မီတာ/ ပေ၃၀/ အတောင် ၂၀ အောက် (၁၅၀၀၀)ကျပ်<br>၁၈.၂၉ မီတာ/ ပေ၆၀/ အတောင် ၄၀ အောက် (၂၂၅၀၀)ကျပ်<br>၂၂.၈၆ မီတာ / ပေ၇၅/ အတောင် ၅၀ အောက် (၃၀၀၀၀)ကျပ်<br>၂၂.၈၆ မီတာ / ပေ၇၅/ အတောင် ၅၀ အထက်(၃၇၅၀၀)ကျပ်<br>(ရေချိုနှင့်ရေငန်ပိုက်များ) | ကျားပါးစပ် |
| | (ခ) ကျားပါးစပ် (ရေငန်) | ခေါင်းကြိုး– ၃၂ မီတာ /ပေ ၁၀၅/ အတောင် ၇၀ အောက် (၃၃၇၅၀)ကျပ်<br>၃၆.၅၈ မီတာ/ ပေ၁၂၀/ အတောင် ၈၀ အောက် (၃၇၅၀၀)ကျပ်<br>၄၁.၁၅ မီတာ/ ပေ၁၃၅/ အတောင် ၉၀ အောက် (၄၁၂၅၀)ကျပ်<br>၄၁.၁၅ မီတာ/ ပေ၁၃၅/ အတောင် ၉၀ အထက် (၄၅၀၀၀)ကျပ် | အင်္ဂလန်ကျား ပင်လယ်ကျား ကျားကြီး |

| စဉ် | အမျိုးအစား ဖော်ပြချက်နှင့် ရုံးသုံးအမည် | အခွန်နှုန်းနှင့် အထူးသတ်မှတ်ချက်များ(ရှိလျှင်) | အကျယ်ဖော်ပြသည့်အမျိုးအစား ဖော်ပြချက်နှင့် မြန်မာအခေါ်အဝေါ်များ |
|---|---|---|---|
| | **အုပ်စု(စ) ကျောက်ချရေစီးခံငါးဖမ်းကိရိယာ** | | |
| ၉ | (က) ပင်လယ်ခမင်း | လူတစ်ဦးလျှင် (၃၇၅၀၀)ကျပ် | (၁) ပင်လယ်ခမင်း<br>(၂) ခမင်း |
| | (ခ) ခမင်းမြှုံး | ကင်းလွတ် | (၁) ခမင်းမြှုံး<br>(၂) ပင်လယ်မြှုံး |
| ၁၀ | လှေခမင်း | တစ်ခုလျှင် (၁၁၂၅၀)ကျပ် | လှေခမင်း |
| | **အုပ်စု(ဆ) အတားအဆီးထောင်ချောက်ငါးဖမ်းကိရိယာ** | | |
| ၁၁ | ပသျှူးဝင်း | တစ်ခုလျှင် (၅၂၅၀)ကျပ် | ပသျှူးဝင်း |
| ၁၂ | (က) လွတ်ကြီး | တစ်ခုလျှင် (၁၅၀၀၀)ကျပ် | (၁) ကုန်းလွတ်<br>(၂) လွတ် |
| | (ခ) ငါးဖမ်းကျုံး (ရေငန်) | တစ်လုံးလျှင် (၇၅၀၀၀)ကျပ် | ငါးဖမ်းကျုံး (ရေငန်) |
| ၁၃ | တိုင်ထောင်ခမင်း | တစ်ခုလျှင် (၇၅၀၀)ကျပ် | တိုင်ထောင်ခမင်း |
| ၁၄ | စန္နား | အဝ ၅.၄၉ မီတာ / ၁၈ ပေ/ ၁၂ တောင် ကျော်<br>အလျား ၁၃.၇၂ မီတာ/ ၄၅ ပေ/ အတောင် ၃၀ ကျော် (၃၀၀၀၀)ကျပ် | (၁) စန္နားကြီး |
| | | အဝ ၄.၁၂ မီတာ /၁၃.၅ ပေ/ ၉တောင် ကျော်<br>အလျား ၁၁.၄၃ မီတာ/ ၃၇.၅ပေ/ ၂၅ တောင် ကျော် (၁၈၇၅၀)ကျပ် | (၂) စန္နားငယ် |
| | | အဝ ၂.၇၄ မီတာ/ ၉ ပေ/ ၆တောင် ကျော်<br>အလျား ၆.၈၆ မီတာ/၂၂.၅ ပေ/ ၁၅ တောင်ကျော် (၁၁၂၅၀)ကျပ် | (၃) ဟိန်လုံ |

| စဉ် | အမျိုးအစား ဖော်ပြချက်နှင့် ရုံးသုံးအမည် | အခွန်နှုန်းနှင့် အထူးသတ်မှတ်ချက်များ(ရှိလျှင်) | အကျယ်ဖော်ပြသည့်အမျိုးအစား ဖော်ပြချက်နှင့် မြန်မာအခေါ် အဝေါ်များ |
|---|---|---|---|
| | | အဝ ၂.၇၄ မီတာ/ ၉ ပေ / ၆တောင် အောက်<br>အလျား ၆.၈၆ မီတာ/၂၂.၅ ပေ/ ၁၅ တောင် အောက် (၇၅၀၀)ကျပ်<br>(တင်ဒါလိုင်စင်ချထားလျှင်အာမခံကြေးသွင်းရမည်) | (၄) ကာတလိုင်း |
| အုပ်စု(၉) ထောင်ချောက်များ | | | |
| ၁၅ | မြှုံးကြီး (ရေငန်) | တစ်လုံးလျှင် (၁၁၂၅၀)ကျပ် | မြှုံးကြီး (ရေငန်) |

၂။ ဤအမိန့်ကြော်ငြာစာပါ အခွန်နှုန်းထားများသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့မှစတင်၍ အာဏာသက်ရောက်စေရမည်။

၃။ ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၅ နှင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၅ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

မြင့်ဇော်ထူး
ညွှန်ကြားရေးမှူးချုပ်
ငါးလုပ်ငန်းဦးစီးဌာန

## သစ်တောဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၂၃၀/၂၀၂၆)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

( ၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၌ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၀/၂၀၂၅-၂၀၂၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်စွဲပါ စာအမှတ်၊ (သစ်တော)၂ (၁)/၀၈ (က)(၃၆/၂၀၂၆) တို့အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စိုက်ခင်းလုပ်ငန်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးသန်းဆင့် (FD 00120)အား သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၃၁/၂၀၂၆)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၌ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၀/၂၀၂၅-၂၀၂၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်စွဲပါ စာအမှတ်၊ (သစ်တော)၂ (၁)/ ၀၈ (က)(၃၆/၂၀၂၆)တို့အရ သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဆင့် (FD 00120) အား သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (သဘာဝတောနှင့်စိုက်ခင်း) ၏ အလုပ်တာဝန်များကိုထမ်းဆောင်ရန် အမြဲနေရပ် နေပြည်တော်တွင် နေရာချထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၃၂/၂၀၂၆)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၌ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၃/၂၀၂၅-၂၀၂၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၄ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂ (၁)/၀၈ (က) (၅၄၅/၂၀၂၆) တို့အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ သဘာဝတောနှင့် သစ်တောလုပ်ငန်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးလှိုင်မင်းမောင် (FD 10779) အား သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၃၃/၂၀၂၆)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၌ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၃/၂၀၂၅-၂၀၂၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၄ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂ (၁)/၀၈ (က) (၅၄၅/၂၀၂၆) တို့အရ သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်မင်းမောင် (FD 10779) အား သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒနှင့်စီမံကိန်း) ၏ အလုပ်တာဝန်များကိုထမ်းဆောင်ရန် အမြဲနေရပ် နေပြည်တော်တွင် နေရာချထားလိုက်သည်။

ဒေါက်တာ သောင်းနိုင်ဦး

ညွှန်ကြားရေးမှူးချုပ်

သစ်တောဦးစီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက် (၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**Jingfeng Co., Ltd**

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂
မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **Jingfeng Co., Ltd** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် ၂-၅-၂၀၂၆ ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း **(B.Com, CPA)**၊ အမှတ် (၁၇၈)၊ မီနီကွန်ဒို၊ မြေညီထပ် (ဘီ)၊ တကောင်း (၅) လမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၉-၆-၂၀၂၆ ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်လောက်ရီချင် | ဦးစိန်ကျော်ဝင်း |
| ဒါရိုက်တာ | B.Com, CPA |
| Jingfeng Co., Ltd | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ၏ ဒါရိုက်တာအဖွဲ့ကိုယ်စား | ဖုန်း-၀၉-၅၁၂၅၉၈၅ |